**လူထုဗဟိုပြုစီမံကိန်း**

**IDA Grant No: H814-MM**

# စီမံကိန်း ဒုတိယသုံးလပတ်အစီရင်ခံစာ
# (ဧပြီ-ဇွန်) ၂၀၁၄

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်းအတွင်းရေးမှူးရုံးမှ ပြုစုတင်ပြသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်

List of Abbreviations and Acronyms

| | | |
|---|---|---|
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CARE | - | Cooperative for Assistance and Relief Everywhere |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| GDA | - | General Department of Administration |
| GWG | - | Gender Working Group |
| HH | - | Household |
| INGO | - | International Non-Government Organisation |
| M : F | - | Male to Female Ratio |
| M&E | - | Monitoring & Evaluation |
| MEB | - | Myanmar Economic Bank |
| MIS | - | Management Information System |
| MWF | - | Myanmar Women Federation |
| NCDD | - | National Community-driven Development |
| NGO | - | Non-Government Organisation |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| O&M | - | Operation and Maintenance |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| SIM | - | Subscriber Identifier Module |
| SPs | - | Sub Projects |
| TA | - | Technical Assistance |
| TOR | - | Terms of Reference |
| ToT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VDP | - | Village Development Plan |
| VL | - | Village Leader |
| VT | - | Village Tract |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTDP | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |
| WB | - | World Bank |

## မာတိကာ

အတိုကောက်စာသားများ၏အဓိပ္ပါယ် ................................................................................
အကျဉ်းချုပ် ..................................................................................................................
၁။ နိဒါန်း ..................................................................................................................
၁-၁ ရည်ရွယ်ချက် ..........................................................................................................
၁-၂ စီမံကိန်းဒေသများ၏ ပထဝီအနေအထား ..........................................................................
၁-၃ ဂန်ထမ်းခန့်ထားမှု ......................................................................................................
၂။ ဆောင်ရွက်ချက်တိုးတက်မှုများ ........................................................................................
၂-၁ ကျား-မ ရေးရာပင်မရေစီးကြောင်း ...................................................................................
၂-၂ ဂန်ထမ်းများ၏ သင်တန်းအစီအစဉ် ...................................................................................
၂-၃ ကျေးရွာကော်မတီဂင်များ၏ သင်တန်းအစီအစဉ် .....................................................................
၂-၄ သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းစနစ် .........................................................................
၂-၅ လူထုစီမံကိန်းစက်ဂန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ...........................................
၂-၅-၁ လူထုစည်းဝေးပွဲ ...................................................................................................
၂-၅-၂ ကျေးရွာကော်မတီနှင့်ဆပ်ကော်မတီ .................................................................................
၂-၅-၃ ကျေးရွာစေတနာ့ဂန်ထမ်းနှင့်အကြံပြုတိုင်ကြားရေးအဓိကပုဂ္ဂိုလ် .................................
၂-၅-၄ ကျေးရွာအုပ်စုကော်မတီနှင့်ဆပ်ကော်မတီ ........................................................................
၂-၅-၅ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် .................................................................................
၂-၅-၆ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ........................................................................
၂-၅-၇ ဘဏ်စာရင်းဖွင့်လှစ်ခြင်း .........................................................................................
၂-၅-၈ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ ...................................................................................
၃။ ဆောင်ရွက်မှုရလဒ်မက်ထရစ် ............................................................................................
၃-၁ အကျိုးခံစားခွင့်ရှိသူများ ................................................................................................
၃-၂ စီမံကိန်းလုပ်ငန်းခွဲများ၏စီမံချက်များရေးဆွဲခြင်း .........................................................
၃-၃ အကြံပြုတိုင်ကြားခြင်းစီမံခန့်ခွဲမှု ...................................................................................
၃-၄ စီမံကိန်းရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်းတွင် အိမ်ထောင်စုများပါဂင်မှု ...................
၃-၅ ကျေးရွာအဖွဲ့ဂင်များ၏ ကျွမ်းကျင်မှုတိုးတက်ရေး ..........................................................

၄။ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲ ..............................
၄-၁ ဂန်ထမ်းခန့်ထားမှု ..........................................................................................
၄-၂ ကွန်ပျူတာပစ္စည်းများနှင့်အင်တာနက်ရရှိမှု ..................................................................
၅။ ဒုတိယ (၃)လပတ် (၂၀၁၄ ဇူလိုင်မှ စက်တင်ဘာ) ၏ လုပ်ငန်းစီမံချက် ...........................

## စီမံကိန်းအစီအရင်ခံစာအကျဉ်းချုပ်

၁။

လူထုဗဟိုပြုစီမံကိန်းသည်ကျေးလက်ဒေသရှိပြည်သူများအားလူထုဗဟိုပြုချဉ်းကပ်နည်းကိုအသုံးပြုပြီးအခြေခံအဆောက်အဦများဆောက်လုပ်ခြင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့်အကျိုးခံစားခွင့်များတိုးတက်ရရှိလာစေနိုင်ပြီးအစိုးရဝန်ထမ်းများအားလည်းလူထု၏လိုအပ်ချက်များကိုလျင်မြန်စွာတုံ့ပြန်ပြီးစွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့်အရေးပေါ်ခြေအနေများကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်ဖြစ်ပါသည်။ဤစီမံကိန်းကို၂၀၁၃ခုနှစ်တွင် စီမံကိန်းမြို့နယ် (၃)မြို့နယ်မှစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်စီမံကိန်းမြို့နယ်(၆)မြို့နယ်ထပ်မံဆောင်ရွက်သွားပြီး ၂၀၁၅ ခုနှစ်တွင်ကျန်မြို့နယ်များတွင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကျန် (၃) အပိုဒ်အစီရင်ခံစာ (ဧပြီ-ဇွန် ၂၀၁၄) သည် (က) လုပ်ငန်းစီမံချက်နှင့်ရလဒ်မူဘောင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏အဟန့်အတားများ၊ တတိယသုံးလပတ်အတွက်လုပ်ငန်းစီမံချက်များဖော်ပြထားပါသည်။အဆောက်အဦဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွဲပေါင်း (၁၅၇) အနက် ၈၂% မှာပြီးစီးပြီးဖြစ်ပါသည်။ မေလ (၃၁)ရက်နေ့အထိစီမံကိန်းစက်ဝန်း (၁)၏ရည်မှန်းချက်(၂)ခုရှိခဲ့ရာ၊ ၄င်းအနက်ရည်မှန်းချက်တစ်ခုမှာစီမံကိန်းလုပ်ငန်းခွဲပြီးစီးမှု ၂၁%ရှိပြီးအခြားအချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ကာတွင်အကူအညီပေးခြင်း၊ စီမံကိန်းဝန်ထမ်းကျေးရွာလူထုအားစီမံကိန်းစာရွက်စာတမ်းများပံ့ပိုးခြင်းနှင့်သင်တန်းပို့ချခြင်း။
- ကျေးရွာ ၃၉၀ နှင့်ကျေးရွာအုပ်စု ၇၂ အုပ်စုတွင်ကျေးရွာကော်မီတီနှင့်ဆပ်ကော်မီတီများဖွဲ့စည်းပေးခြင်း။
- စီမံကိန်းစီစစ်သုံးသပ်သည့်ပုံစံများအား မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ မြို့နယ်အဆင့်သတင်းအချက်အလက်များစီမံခန့်ခွဲမှုစနစ်နှင့်အချက်အလက်များစာရင်းသွင်းခြင်းစသည်တို့ကိုဆက်လက်ဆောင်ရွက်ခြင်း။
- စီမံကိန်းမြို့နယ်အသစ်များရွေးချယ်ခြင်း၊ နည်းပညာအကူအညီများပံ့ပိုးခြင်း။
- ကျားမရေးရာအဖွဲ့၏ဆောင်ရွက်မှုတွင်မြန်မာအမျိုးသမီးရေးရာ၊ လူမှုဝန်ထမ်းဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၄။ စီမံကိန်း၏ရလဒ်မူဘောင်အရ၊ အောက်ပါအခြေအနေများကိုဖော်ပြခဲ့ပါသည်။

စီမံကိန်းလုပ်ငန်းခွဲများ၏ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူအရေအတွက် ၂၂၅,၉၄၁ ရှိပြီး၄င်းတို့အနက် ကန်ပက်လက်တွင်၈% ၊ကျွန်းစုတွင် ၅၉% နှင့် နမ့်ဆန်တွင် ၃၃% ရှိပါသည်။

- စီမံကိန်းလုပ်ငန်းခွဲ၏ စီမံချက်ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ခြင်းစသောစီမံကိန်းလုပ်ငန်းများတွင် အိမ်ထောင်စုပေါင်း၆၁၀၀ ကျော်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

- ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မိတီအရေအတွက်မှာ ၄၇၃၁ ဦးရှိပြီး၄င်းတွင် ၄၄% မှာအမျိုးသမီးများဖြစ်ပါသည်။အမျိုးသမီးများသည်စီမံချက်ရေးဆွဲခြင်း၊ ဝယ်ယူရေး၊ စီမံကိန်းလုပ်ငန်းခွဲကြီးကြပ်ခြင်းနှင့်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများပါဝင်ခဲ့ပါသည်။
- လူထုဗဟိုပြုစီမံကိန်းတွင် သင်တန်းသားပေါင်း ၅၄၆၀ ရှိခဲ့ပြီး ၄၉% မှာအမျိုးသမီးများဖြစ်ပါသည်။
- အငြင်းပွားမှုဖြေရှင်းရေးစနစ်အရတိုင်းကြားစာ ၂၂၁ စောင်ရရှိခဲ့ပြီး ၈၂%ကိုဖြေရှင်းပေးခဲ့ပါသည်။

၅။ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်တွေ့ကြုံရသောအမျိုးအစားများ

- မြို့နယ်နှင့်ပြည်ထောင်စုအဆင့်တွင်အရေးပါသောရာထူး ၆ နေရာအတွက်ခန့်ထားနိုင်မှုမရှိပါ။ ဤသို့ဖြစ်ရခြင်းမှာသက်မှတ်ထားသောရာထူးနှင့်ကိုက်ညီသောအရည်အချင်းပြည့်မီသူမရရှိသောကြောင့်ဖြစ်ပါသည်။ (အထူးသဖြင့် MIE နှင့် MIS နှင့် TF ရာထူး)
- ပြည်ထောင်စု DRD အတွင်းရေးရုံးနှင့် စီမံကိန်း (၃) မြို့နယ်အတွက်လိုအပ်သောSoft wareများဝယ်ယူခဲ့ပါသည်။ သို့သော်လည်းမြို့နယ်များတွင် အင်တာနက်စနစ်ညံ့ဖျင်းသောကြောင့် သတင်းအချက်အလက်များပေးပို့ရာတွင်အခက်အခဲရှိပါသည်။

၆။ တတိယသုံးလပတ်အတွက်လုပ်ငန်းစီမံချက်ရည်မှန်းချက်

- စီမံကိန်းစက်ဝန်း(၁) ပြီးစီးရန်နှင့် စက်ဝန်း(၂)စတင်ရန်အတွက်မြို့နယ်များအားထက်ညွှန်းမှုပြုခြင်း
- စီမံကိန်းလုပ်ငန်းခွဲ၏ လိုအပ်ချက်များ (အငြင်းပွားတိုင်ကြားရေးနှင့်ကျေးရွာမှထည့်ဝင်မှုများအတွက်) ကိုကွင်းဆင်းလေ့လာရမည်။
- စီမံကိန်းမြို့နယ်အတွက် TA နှင့် CF,TF များခန့်ထားရမည်။

## ၁။ နိဒါန်း

### ၁-၁ ရည်ရွယ်ချက်

ဤသုံးလပတ်အစီရင်ခံစာသည် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများတိုးတက်မှုနှင့်ထူးခြားသောအောင်မြင်မှုများကိုဖေ ာ်ပြထားပါသည်။ ထို့ပြင်ဤသုံးလပတ်အတွင်းတွေ့ကြုံရသောအခက်အခဲများကိုလည်းဖော်ပြထားပါသည်။ ထို့ပြင်တတိယသုံးလပတ်၏လုပ်ငန်းစီမံချက်ကိုလည်းဖော်ပြထားပါသည်။ စာရွက်စာတမ်းများရရှိမှုအရDRDနှင့်ကမ္ဘာဘဏ်တို့မှပြုစုထားသောလုပ်ငန်းစီမံချက်နှင့်တိုးတက်မှုကို နိုင်းယှဉ်စစ်ဆေးနိုင်ပါသည်။ ထို့ပြင်ပေါ်ပေါက်လာသောပြဿနာများကိုဖြေရှင်းချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးတိုးတက်မှုအတွက်အကြံဉာဏ်များနှင့် အခြားလိုအပ်ချက်များ၊ စီမံကိန်းခန့်ခွဲမှု၊ စီမံကိန်းကြီးကြပ်မှုကော်မီတီနှင့်ကမ္ဘာဘဏ်တို့မှလိုအပ်ချက်များကိုလည်းဖော်ပြထားပါသည်။

### ၁-၂ စီမံကိန်းမြို့နယ်များ၏ပထဝီအနေအထား

စီမံကိန်းပထမစက်ဝန်း (၂၀၁၃ခုနှစ် အောက်တိုဘာလမှ ၂၀၁၄ခုနှစ်ဇွန်လအထိ)အားစီမံကိန်းမြို့နယ်များအဖြစ်ကန်ပက်လက်မြို့နယ် (ချင်းပြည်နယ်)၊ နမ့်ဆန်းမြို့နယ် (ရှမ်းပြည်နယ်)၊ကျွန်းစုမြို့နယ် (တနင်္သာရီတိုင်း)တွင်အသီးသီးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း (၃) မြို့နယ်၏အချက်အလက်များကိုအောက်ပါဇယားများဖြင့်တင်ပြအပ်ပါသည်။

**ဇယား (၁) မြို့နယ်များ၏အခြေခံအချက်အလက်များ**

| မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး | အထွေထွေအုပ်ချုပ် ရေးမှူးရုံးဝန်ထမ်း |
|---|---|---|---|---|
| ကန်ပက်လက် | ၂၆ | ၁၁၈ | ၂၆ | ၁၃၉ |
| ကျွန်းစု | ၂၀ | ၁၄၉ | ၂၀ | ၂၈၉ |
| နမ့်ဆန် | ၂၆ | ၁၂၃ | ၂၆ | ၂၂၇ |
| စုစုပေါင်း | ၇၂ | ၃၉၀ | ၇၂ | ၆၅၅ |

အထက်ဖော်ပြပါမြို့နယ်များ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဝန်ထမ်းအားလုံးသည် အမျိုးသားများဖြစ်ပါသည်။ NCDD စီမံကိန်းမစတင်မီဤ (၃) မြို့နယ်ရှိကျေးရွာနှင့်ကျေးရွာအုပ်စုများတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရာထူးများတွင် အမျိုးသမီးတစ်ဦးတစ်ယောက်မျှမရှိပါ။NCDDစီမံကိန်းသည်၄င်းအချက်အားဖြေရှင်းနိုင်ပြီးNCDDစီမံကိန်းဆောင်ရွက်သောအခါ ကော်မတီဝင်များ၏ ၅၀%သည်အမျိုးသမီးများဖြစ်လာပါသည်။ထိုစီမံကိန်း(၃)မြို့နယ်၏စုစုပေါင်းလူဦးရေမှာ(၂၃၅,၀၇၀) ရှိပြီးအိမ်ထောင်စုပေါင်း(၄၁၄၇၇)ရှိပါသည်။ ထိုစီမံကိန်းမြို့နယ်များတွင်မြို့နယ် (၂)မြို့နယ်၏အိမ်ထောင်စုအရေအတွက်မှာအရေအတွက်အားဖြင့်နည်းနေပြီးဤသို့ဖြစ်ရခြင်းမှာအိမ်တစ်အိမ်ထဲတွင် အိမ်ထောင်စုတစ်စုမကနေထိုင်သောကြောင့်ဖြစ်ပါသည်။၄င်းမြို့နယ်များ၏လူဦးရေနှင့်အိမ်ထောင်စုအရေအတွက်ကိုအောက်ပါဇယား(၂)တွင်ဖော်ပြထားပါသည်။

**ဇယား(၂) မြို့နယ်များ၏လူဦးရေနှင့်အိမ်ထောင်စုဇယား**

| မြို့နယ် | လူဦးရေ | အိမ်ထောင်စု | အိမ် (အရေအတွက်) | အိမ်ထောင်စုအရွယ်အစား (ဦးရေ) |
|---|---|---|---|---|
| ကန်ပက်လက် | ၁၇၈၀၀ | ၃၀၁၃ | ၃၃၆၂ | ၅.၉၁ |
| ကျွန်းစု | ၁၄၅၆၁၂ | ၂၆၆၃၄ | ၂၄၂၇၇ | ၅.၄၇ |
| နမ့်ဆန် | ၇၁၆၅၈ | ၁၁၈၃၀ | ၁၀၉၀၀ | ၆.၀၆ |
| စုစုပေါင်း | ၂၃၅၀၇၀ | ၄၁၄၇၇ | ၃၈၅၃၉ | ၅.၆၇ |

ထိုစီမံကိန်း(၃) မြို့နယ်၏လူဦးရေနှင့်ပတ်သက်သောအချက်အလက်များကိုဇယား (၃)တွင်ဖော်ပြထားပါသည်။

**ဇယား (၃) မြို့နယ်လူဦးရေအချက်အလက်ဇယား**

| မြို့နယ် | ကျေးရွာအုပ်စုတစ်ခု ရှိကျေးရွာ | ကျေးရွာတစ်ရွာရှိ အိမ်ထောင်စု | အိမ်ထောင်စု အရွယ်အစား | ကျေးရွာတစ်ရွာ ရှိလူဦးရေ | ကျား/မ အချိုး |
|---|---|---|---|---|---|
| ကန်ပက်လက် | ၅ | ၂၅ | ၆ | ၁၅၀ | ၁း၁း၀၄ |

| | | | | | |
|---|---|---|---|---|---|
| ကျွန်းစု | ၇ | ၁၇၉ | ၅ | ၉၇၇ | ၁း၇း၉၈ |
| နမ့်ဆန် | ၅ | ၉၆ | ၆ | ၅၈၃ | ၁း၁း၀၇ |
| စုစုပေါင်း | ၅ | ၉၉ | ၆ | ၆၀၁ | ၁း၁း၀၁ |

အထက်ဖော်ပြပါဇယားအရ၊ ကျွန်းစုမြို့နယ်သည်အခြားသောမြို့နယ်(၂)မြို့နယ် ကျေးရွာအုပ်စုတစ်ခုတွင်ပါရှိသောကျေးရွာအရေအတွက်ပို၍များပြားပါသည်။ ထို့အတူကျေးရွာတစ်ရွာအိမ်ထောင်စုအရေအတွက်မှာလည်းများပြားပြီးအိမ်ထောင်စုအရွယ်အစားမှာအခြားမြို့နယ်များထက်အနည်းငယ်သာပို၍ကြီးပါသည်။ ရွာတစ်ရွာရှိလူဦးရေအရေအတွက်မှာ ကျွန်းစုမြို့နယ်သည်အများဆုံးဖြစ်ပြီးနမ့်ဆန်မှာဒုတိယနှင့်ကန်ပက်လက်မှာအနည်းဆုံးဖြစ်ပါသည်။ ကျားမအချိုးတွင်ကျွန်းစုမြို့နယ်သည် အမျိုးသမီး၏အချိုးမှာအမျိုးသားထက်နည်းပြီးကျန် (၂) မြို့တွင်အနည်းငယ်သာကွာခြားပါသည်။

အထက်ပါစာရင်းဇယားများကိုစီမံကိန်းသွင်းအားစုများအဖြစ်အသုံးပြုနိုင်ပါသည်။ ကျွန်းစုမြို့နယ်၏ အဓိကအသုံးပြုသောအချက်မှာ(က)ကျေးရွာစီမံကိန်းစက်ဝန်းတွင်လုပ်ငန်းတိုင်းအတွက်အရင်းအမြစ်ပိုမိုသုံးစွဲရခြင်း၊စီမံကိန်းပြီးစီးအောင်အချိန်ယူရခြင်းနှင့်ကြိုးပမ်းအားထုတ်(ခ)အချိန်ပိုယူရခြင်းနှင့်ကရိယာများပိုမိုလိုအပ်ခြင်းတို့ဖြစ်ပါသည်။ ထို့သို့ဖြစ်ရခြင်းမှာကျွန်းစု၏အိမ်ထောင်စုအရေအတွက်သည် နမ့်ဆန်မြို့နယ်ထက်နှစ်ဆနီးပါးပိုမိုများပြားသောကြောင့်ဖြစ်ပါသည်။ကျွန်းစုမြို့နယ်အတွင်းရှိမုတ္တမပင်လယ် အတွင်းသွားလာရခက်ခဲသောဒေသများကြောင့်စီမံကိန်းဝန်ထမ်းများအတွက် တာဝန်ထမ်းဆောင်ရန် အခက်အခဲများဖြစ်ပေါ်ပါသည်။

## ၁.၃ လက်ရှိဆောင်ရွက်နေသောအခြေခံအဆောက်အဦ

လူထုဗဟိုပြုစီမံကိန်းစက်ဝန်း(၁)၏စီမံကိန်းလုပ်ငန်းခွဲများသည်လက်ရှိရှိပြီးသားအခြေခံအဆောက်အဦများကို ပြုပြင်မွမ်းမံရန်ဖြစ်ပါသည်။ ထို့ကြောင့်ရည်မှန်းထားသောဒေသများတွင် ထိုကဲ့သို့အဆောက်အဦအမျိုးအစား(၃)မျိုးရှိပါသည်။၎င်းတို့မှာကျန်းမာရေးဆိုင်ရာအဆောက်အဦ၊ စာသင်ကျောင်းနှင့်လမ်းလုပ်ငန်းတို့ဖြစ်ပါသည်။ဇယား (၄) (၅)နှင့် (၆)တို့မှာစီမံကိန်း (၃)မြို့နယ်၏သက်ဆိုင်ရာအချက်အလက်များကိုဖော်ပြထားပါသည်။

**ဇယား(၄) ကျန်းမာရေးဆိုင်ရာအဆောက်အဦတည်ရှိမှုဇယား**

| မြို့နယ် | ကျန်းမာရေးဆိုင်ရာအဆောက်အဦအမျိုးအစား (ကျေးရွာရာခိုင်နှုန်း) | | |
|---|---|---|---|
| | ကျန်းမာရေးအဆောက် | ကျေးလက်ကျန်းမာရေး | အခြားအဆောက်အဦ |

| | အညီမရှိခြင်း | ဌာန | |
|---|---|---|---|
| ကန်ပက်လက် | ၈၆ | ၄ | ၁၀ |
| ကျွန်းစု | ၅၉ | ၇ | ၃၄ |
| နမ့်ဆန် | ၅၀ | ၀ | ၅၀ |

ကျန်းမာရေးဆိုင်ရာအကူအညီမရရှိသောကျေးရွာများအနေဖြင့် ကန်ပက်လက်တွင်အမြင့်ဆုံးဖြစ်ပြီး ကျွန်းစုမှာဒုတိယဖြစ်ပါသည်။ နမ့်ဆန်၏ကျေးရွာတစ်ဝက်ခန့်မှာကျန်းမာရေးဆိုင်ရာအကူအညီမရရှိသေးပါ။

ဇယား (၅)　　**စာသင်ကျောင်းတည်ရှိမှု**

| မြို့နယ် | စာသင်ကျောင်းအမျိုးအစား (ကျေးရွာရာခိုင်နှုန်း) | | | | |
|---|---|---|---|---|---|
| | စာသင်ကျောင်းမရှိ | မူလတန်းကျောင်း | အလယ်တန်းကျောင်း | အထက်တန်းကျောင်း | တွဲဖက်ကျောင်း |
| ကန်ပက်လက် | ၁၈ | ၅၁ | ၇ | ၂ | ၂၃ |
| ကျွန်းစု | ၁ | ၇၆ | ၁၀ | ၈ | ၆ |
| နမ့်ဆန် | ၉ | ၅၉ | ၂၄ | ၂ | ၆ |

ကန်ပက်လက်ကျေးရွာများ၏(၈%)မှာစာသင်ကျောင်းမရှိပါ။ နမ့်ဆန်နှင့်ကျွန်းစုတွင်စာသင်ကျောင်းရှိသောရွာ(၉%) နှင့် (၁%)တို့အသီးသီးရှိပါသည်။ ဤ (၃) မြို့နယ်ရှိကျေးရွာများတွင်ရှိသောစာသင်ကျောင်းများသည်ကျေးရွာလူထုမှ မိမိတို့၏အရင်းအမြစ်များ ကြိုးပမ်းမှုများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ထိုကျောင်းများအနက် အချို့ကျောင်းများတွင် ခန့်အပ်ထားသောဆရာများအားကျေးရွာလူထုမှကျခံပေးပါသည်။

ဇယား (၆)　　**ကျေးရွာသို့ရောက်ရှိနိုင်သည့်နည်းလမ်း**

| မြို့နယ် | ရောက်ရှိသည့်နည်းလမ်း (ကျေးရွာရာခိုင်နှုန်း) | | |
|---|---|---|---|
| | ခြေကျင်သွားလမ်း | Track | ကျောက်ကျိုးခင်းလမ်း |
| ကန်ပက်လက် | ၄၅ | ၅၃ | ၂ |
| ကျွန်းစု | ၂၄ | ၉၃ | ၂၀ |
| နမ့်ဆန် | ၂၇ | ၅ | ၉၇ |

အချို့ကျေးရွာများသည် ၎င်းသို့ရောက်ရှိနိုင်သောနည်းလမ်းတစ်ခုထက်မကရှိပါသည်။

အထက်ပါဇယားအရကန်ပက်လက်မြို့နယ်သည် ၎င်းသို့ရောက်ရှိနိုင်သည့်နည်းလမ်းများမှအခက်အခဲဆုံးအခြေအနေတွင်ရှိပါသည်။ (၄၅%)ခန့်တောကျေးရွာများသည်ခြေကျင်သွားလမ်းသာရှိပါသည်။ကျွန်းစုမြို့နယ်တွင်အချို့ကျေးရွာများအချင်းချင်းသွားလာနိုင်သောခြေကျင်လမ်းများရှိပါသည်။

ကျွန်းစုမြို့နယ်အတွင်းရှိကျေးရွာများသည်ပင်လယ်ရေကြောင်းမှလည်းသွားလာနိုင်ပါသည်။
နမ့်ဆန်မြို့နယ်သည်ခြောက်သွေ့သောရာသီတွင်
မော်တော်ဆိုင်ကယ်ဖြင့်သွားလာနိုင်သောတစ်ခုတည်းသောမြို့ဖြစ်ပါသည်။
ဤမြို့နယ်တွင်ကျေးရွာများသို့သွားသောလမ်းများမှာအများအားဖြင့် ကျောက်ကျိုးခင်းလမ်းများဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များအရNCDDမှစီမံကိန်းရံပုံငွေနှင့်အခြေခံအဆောက်အဦများနှင့်တိုးတက်လာစေရန်အကူအညီပေးခြင်းသည်
ကျေးရွာများအားကြီးမားသောအကျိုးကျေးဇူးများရရှိစေပါသည်။ကျေးရွာအခြေခံအဆောက်အဦများ၏လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းမှာရံပုံငွေမလုံလောက်ခြင်းကြောင့်
အခက်အခဲဖြစ်စေပါသည်။
ကျွန်းစုနှင့်ကန်ပက်လက်တွင်ရှိသောကျေးရွာအများစုတွင်လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကိုကျေးရွာလူထုမှဆောင်ရွက်သော်လည်းၾင်းတို့သည်အဆောက်အဦများကိုပြုပြင်ထိန်းသိမ်းရန်စီမံချက်အတွက်လိုအပ်သောသင်တန်းများမရရှိခဲ့ပါ။သို့သော်လည်းဤစီမံကိန်းတွင်အကျိုးကျေးဇူး(၂)ခုရရှိခဲ့ပါသည်။
ပထမတစ်ခုမှာCDD၏အခြေခံအဆောက်အဦများအားလုံးသည်ကျေးရွာမှစီမံချက်ရေးဆွဲခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းကိုပြုလုပ်ပြီးထိုကျေးရွာလူထုသည်လုပ်ငန်းလည်ပတ်ခြင်းနှင့်
ပြုပြင်ထိန်းသိမ်းခြင်းလိုအပ်ချက်နှင့်ပတ်သက်၍ဗဟုသုတရှိခြင်း၊
ဒုတိယအချက်မှာလုပ်ငန်းလည်ပတ်ထိန်းသိမ်းခြင်းကိုစီမံကိန်းလုပ်ငန်း၏
ဒီဇိုင်းထဲတွင်ထည့်သွင်းရေးဆွဲထား၍ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းဖြစ်ပါသည်။
ပြီးစီးခဲ့သောစီမံကိန်းလုပ်ငန်းများမှတိုက်ရိုက်အကျိုးခံစားခွင့်ရရှိသောသူများသည်
ထိုအဆောက်အဦများကိုထိန်းသိမ်းရန်အတွက် စိတ်ဝင်စားမှုရှိကြပါသည်။

## ၁-၄ ဝန်ထမ်းခန့်ထားမှု

NCDD စီမံကိန်းအတွင်းရေးမှူးရုံးအားကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏(၁၃.၃.၂၀၁၃)နေ့စွဲပါစာအမှတ်၄၄၈/အုပ်ချုပ်ရေး-၁/DRDညွှန်ကြားရေးမှူးချုပ်မှလက်မှတ်ရေးထိုးထုတ်ပြန်သောစာအရဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ထို့အတူပြည်ထောင်စုအတွင်းရေးမှူးရုံးကိုလည်းNCDD စီမံကိန်းအကောင်အထည်ဖော်ရေးအတွက်ရည်ရွယ်ပြီးဖွဲ့စည်းခဲ့ပါသည်။CDDပြည်ထောင်စုအတွင်းရေးမှူးရုံးတွင် DRD ဝန်ထမ်း(၅၂)ဦးနှင့်အတူပြည်ထောင်စုနည်းပညာအကြံပေး(Union TA) ပညာရှင်(၈)ဦးကိုခန့်ထားဆောင်ရွက်ပါသည်။DRDဝန်ထမ်းများတွင်(၃၂)ဦးသည်အချိန်ပြည့်ဝန်ထမ်းဖြစ်ပါသည်။ DRD ဝန်ထမ်း (၂၅)ဦးသည်အမျိုးသားဝန်ထမ်းဖြစ်ပြီး(၂၇)ဦးသည်အမျိုးသမီးဝန်ထမ်းဖြစ်ပါသည်။

Union TAသည် ၂၀၁၃ ခုနှစ်စက်တင်ဘာလ (၁၆) စီမံကိန်းအစတွင်စတင်ခန့်အပ်ခဲ့ပြီး၊ စက်တင်ဘာ(၁၈)ရက်အစည်းအဝေးတွင်စီမံကိန်းမန်နေဂျာမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ကာလရှည်Union TAပညာရှင်အဖြစ် (၅)ဦးအားစီမံကိန်းသုံးသပ်ကာလအတွင်း တာဝန်ထမ်းဆောင်စေပါသည်။ထို့ပြင်ပညာရှင်(၄) ဦးအားထိုကာလအတွင်းကာလတိုပညာရှင်အဖြစ်ခန့်အပ်ခဲ့ပါသည်။

ပြည်ထောင်စုအဆင့်နှင့်မြို့နယ်များတွင် လစ်လပ်ရာထူးများများစွာရှိပါသည်။ ပြည်ထောင်စုDRDသည်ပြည်ထောင်စုTAတွင်MISပညာရှင်နှင့် MIE ပညာရှင်တွဲဘက်ဝန်ထမ်းအဖြစ်တာဝန်ပေးအပ်ရန်လိုအပ်နေပါသည်။ ထိုကဲ့သို့တွဲဖက်ဝန်ထမ်းခန့်ထားရေးမှာDRDဝန်ထမ်းများအားနည်းပညာနှင့်ကျွမ်းကျင်မှုများလွှဲပြောင်းပေးရေးအတွက်ဖြစ်ပါသည်။ ထို့ကြောင့်ပြည်ထောင်စုDRDနှင့် မြို့နယ်DRDတို့တွင်လည်း မြို့နယ်နည်းပညာအကြံပေး (TA) အဖွဲ့နှင့်တွဲဘက်ဆောင်ရွက်မည့် ဝန်ထမ်းများလုံလောက်စွာခန့်ထားနိုင်ခြင်းမရှိပါ။စီမံကိန်း(၃)မြို့နယ်တွင် MIS အတွက်တာဝန်ပေးအပ်ခြင်းမရှိပါ။ ကန်ပက်လက်မြို့နယ်တစ်ခုတည်းတွင်MIEအတွက်တာဝန်ပေးခန့်ထားသူတစ်ဦးရှိပါသည်။၂၀၁၄ ခုနှစ်မေလဆန်းတွင်ကျွန်းစုမြို့နယ်၌MIE တာဝန်အား(၂)ဦးခန့်အပ်ခဲ့ပြီး နမ့်ဆန်မြို့တွင်ခန့်အပ်နိုင်ခြင်းမရှိပါ။ဤကဲ့သို့ဝန်ထမ်းများမခန့်ထားနိုင်ခြင်းမှာDRD၏စီမံခန့်ခွဲမှုအတွက်အဓိအခက်အခဲဖြစ်နိုင်ပြီး၊ မကြာမီတွင်လစ်လပ်သောရာထူးများအတွက်ခန့်အပ်သွားရမည်ဖြစ်ပါသည်။

၂၀၁၃ခုနှစ် စတုတ္ထ (၃)လပတ်တွင်စီမံကိန်း (၃) မြို့နယ်တွင်မြို့နယ်အတွင်းရေးမှူးရုံးများတည်ထောင်ခဲ့ပြီး၊ ထို(၃)လပတ်အတွင်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ ဝန်ထမ်း(၁၈)ဦးကိုမြို့နယ်DRDဝန်ထမ်းများအဖြစ်ခန့်ထားခဲ့ပြီးအချို့မှာအချိန်ပိုင်းအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

**ဇယား(၇) မြို့နယ်DRDလူထုဗဟိုပြုစီမံကိန်းအတွင်းရေးမှူးရုံးဝန်ထမ်းများခန့်ထားခြင်း**

| မြို့နယ် | ခန့်အပ်သည့်နေ့ | NCDD ဝန်ထမ်း(အရေအတွက်) |
|---|---|---|
| ကန်ပက်လက် | ၁၆-၈-၂၀၁၃ | ၆ |
| ကျွန်းစု | ၃၀-၇-၂၀၁၃ | ၅ |
| နမ့်ဆန် | ၁၃-၈-၂၀၁၃ | ၇ |
| စုစုပေါင်း | | ၁၈ |

မြို့နယ်TAနှင့်ပါတ်သက်၍ စီမံကိန်း(၃)မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့ (INGOS)နှစ်ဖွဲ့အားမြို့နယ်TAအဖြစ်ခန့်အပ်ခဲ့ပြီးစီမံကိန်းဆောင်ရွက်ရာတွင်DRDအားပံ့ပိုးကူညီရန်နှင့်ကျေးရွာလူထုအားပံ့ပိုးကူညီသွားရန်ဖြစ်ပါသည်။
နမ့်ဆန်မြို့နယ်တွင်လက်ထောက်နည်းပညာရာထူးများလစ်လပ်လျက်ရှိပါသည်။

အရည်အချင်းရှိသောနည်းပညာမှူးများရရှိရန်ခက်ခဲသောကြောင့်ဖြစ်ပါသည်။
စီမံကိန်းစီမံခန့်ခွဲရန်အတွက်နည်းပညာမှူးများကို နိုင်ငံတစ်ဝှမ်းလုံးမှရရှိနိုင်ပါသည်။မြို့နယ်MIE, ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်ဝယ်ယူရေးလုပ်ငန်းများကိုပြည်ထောင်စုTAမှကူညီပံ့ပိုးလျက်ရှိပါသည်။
မြို့နယ်အဆင့်အကာအကွယ်နှင့်M&Eစာရွက်စာတမ်းများသည်လုံလောက်မှုမရှိပါ။
မြို့နယ်အကောင်အထည်ဖော်ဆောင်ရွက်ရေးမှသင်ခန်းစာရယူပြီးစီမံကိန်းမြို့နယ်အသစ်များတွင်TAပညာရှင်များခန့်ထားရေးမှာသေချာစွာစဉ်းစားရန်လိုအပ်ပါသည်။

အစီရင်ခံသည့်ကာလအထိစည်းရုံးရေးမှူး(၆၅)ယောက်သည် (လူထုစည်းရုံးရေးမှူး-၅၃ဦးနှင့်လက်ထောက်နည်းပညာမှူး၁၂ဦး)တို့သည်တာဝန်ထမ်းဆောင်ခဲ့ပါသည်။
ဇယား(၈)တွင်မြို့နယ်အလိုက်စည်းရုံးရေးမှူးများခန့်ထားခြင်းအခြေအနေကိုဖော်ပြထားပါသည်။စည်းရုံးရေးမှူးများသည်ကျေးရွာနှင့်
ကျေးရွာအုပ်စုကော်မတီများနှင့်အထူးတက်ကြွပါဝင်လုပ်ဆောင်နိုင်ပြီးထိုကော်မတီဝင်များ၏စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရေးတွင်စွမ်းဆောင်နိုင်မှု မြင့်မားလာစေရန်ကူညီသည်။ မြို့နယ်TAနှင့် DRDဝန်ထမ်းများသည်ထိုစည်းရုံးရေးမှူးများ၏လုပ်ငန်းများကိုကူညီဆောင်ရွက်ကြီးကြပ်ပေးပါသည်။

**ဇယား(၈) မြို့နယ်အလိုက်စည်းရုံးရေးမှူးများခန့်ထားမှုအခြေအနေ(၂၀၁၄,ဧပြီ-ဇွန်)**

| မြို့နယ် | လူထုစည်းရုံးရေးမှူး | လက်ထောက်နည်းပညာမှူး | စုစုပေါင်း |
|---|---|---|---|
| ကန်ပက်လက် | ၂၂ | ၅ | ၂၇ |
| ကျွန်းစု | ၁၅ | ၄ | ၁၉ |
| နမ့်ဆန် | ၁၆ | ၃ | ၁၉ |
| စုစုပေါင်း | ၅၃ | ၁၂ | ၆၅ |

## ၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတိုးတက်မှု

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတိုးတက်မှုအစီရင်ခံစာသည်
ကာလအထိစီမံကိန်း၏ကဏ္ဍ(၅)ခုအနက်

ကဏ္ဍ(၄)ခုမှာအကောင်အထည်ဖော်ဆောင်ရွက်ရေးမှာတိုးတတ်ခဲ့ပါသည်။ကဏ္ဍ(၅)ဖြစ်သောအရေးပေါ်အခြေအနေတိုးတတ်မှုမှာလက်တွေ့အားဖြင့် အကောင်အထည်မဖော်ရသေးပါ။ စီမံကိန်းလုပ်ငန်းစီမံချက်နှင့်ကိုက်ညီသောအဓိက အကောင်အထည်ဖော်သည့်လုပ်ငန်းစာရင်းများကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

- ကျားမရေးရာပင်မရေစီးကြောင်း
- မြို့နယ်ဝန်ထမ်းနှင့်စည်းရုံးရေးမှူးများအတွက်မွမ်းမံသင်တန်း
- ကျေးရွာလူထုအတွက်သင်တန်း
- စီမံကိန်းသတင်းအချက်အလက်များဆောင်ရွက်ခြင်း
- စီမံကိန်းစက်ဝန်း(၁)၏စီမံကိန်းလုပ်ငန်းခွဲ(၃၅၇)ခုအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- ဘဏ္ဍာရေးစီမံခန့်ခွဲမှု
- ပစ္စည်းဝယ်ယူခြင်းနှင့်ဝန်ဆောင်မှု

အထက်ပါအချက်များအပေါ်တိုးတတ်မှုအခြေအနေကိုအောက်တွင်ဖော်ပြထားပါသည်။

CARE (INGOS) အဖွဲ့သည် ကျားမရေးရာအဖွဲ့မှနုတ်ထွက်သွားပြီးDRDသည် ၎င်းကျားမရေးရာနည်းပညာအဖွဲ့အတွက်နည်းပညာပံ့ပိုးမှုရရန် အခြားနေရာမှရယူရန်ဖြစ်သည်။ကျားမရေးရာပင်မအဖွဲ့၏အစီရင်ခံစာသည်ကာလအတွင်းလုပ်ငန်းတိုးတက်မှုများကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

- ကျားမရေးရာလုပ်ငန်းအဖွဲ့အစည်းအဝေး (Gender working Group) ကို(၃)ကြိမ်ကျင်းပနိုင်ခဲ့ခြင်း၊၎င်းအစည်းအဝေးများသည် ပြည်တွင်းပြည်ပပညာရှင်များအတွက်ငှားရမ်းနိုင်သည့် အထောက်အထားများကိုသုံးသပ်ရန်ဖြစ်ပါသည်။ ထိုအစည်းအဝေးအားလုံးကိုလူမှုဝန်ထမ်းဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။
- ပြည်တွင်းပညာရှင်တစ်ဦးအတွက်ငှားရမ်းနိုင်သည့်အထောက်အထားEOIကိုစစ်ဆေးရာတွင် ၎င်း၏အတွေ့အကြုံသည် လိုအပ်ချက်နှင့်မကိုက်ညီသည့်ကိုတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့်အခြားတစ်ဦးအားတယ်လီဖုန်းဖြင့်ဆက်သွယ်ခဲ့သော်လည်းစဥ်းစားမည်ဟုသာအကြောင်းပြန်ခဲ့ပါသည်။
- ပြည်ပပညာရှင် (အပြည်ပြည်ဆိုင်ရာကျားမရေးရာပညာရှင်) အားငှားရမ်းနိုင်ရေးအတွက်ကြေငြာအား"The New Light of Myanmar" သတင်းစာတွင် ဧပြီ(၉) ရက်နှင့်(၁၀)ရက်နေ့များတွင်ကြော်ငြာထည့်ခဲ့ပါသည်။ ထို့ပြင်စီမံကိန်းဝက်ဆိုက်ဖြစ်သောwww .cdd .drdmyanmar .orgတွင်လည်းထိုကြော်ငြာအားလွှင့်တင်ထားပါသည်။ ၂၀၁၄ ခုနှစ်မေလ(၉) ရက်နေ့ (နောက်ဆုံးသတ်မှက်ရက်)တွင်ငှားရမ်းရန်တင်သွင်းလာသည့် အထောက်အထားများ(EOI)ကိုလက်ခံရရှိသည်။

- Gender working Group သည်လက်ခံရရှိသည့် (EOI) အထောက်အထား(၇)စောင်ကိုကမ္ဘာဘဏ်၏ဝယ်ယူရေးလမ်းညွှန်ချက်နှင့်အညီဝယ်ယူရေးအဖွဲ့နှင့်အတူတကွပူးပေါင်းကာအဆင့်အတန်းသတ်မှတ်ပေးခဲ့ပါသည်။ ကနဦးရွေးချယ်ခံရသောသူများအားတတိယသုံးလပတ်တွင်ဆက်သွယ်ညှိနှိုင်းမှုများဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- NCDD၏ကျားမရေးရာအဖွဲ့ဝင် အငယ်တန်းအဆင့်(၄)ဦးသည် DRD၏ကျားမရေးရာအဆင့်မြင့်အရာရှိများ၏လမ်းညွှန်မှုအရဤအစီအရင်ခံစာသည်ကာလအတွင်းဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ၂-၂ ဝန်ထမ်းများအတွက်သင်တန်းအစီအစဉ်

ပြည်ထောင်စုTAမှဆရာဖြစ်သင်တန်း (TOT) ကိုမြို့နယ်များမှကျေးရွာများတွင်သင်တန်းပို့ချရန်ရည်ရွယ်ပြီးဖွင့်လှစ်ခဲ့ပါသည်။ မြို့နယ်မှTAသင့်တော်သော DRD ဝန်ထမ်းအားရွေးချယ်ပြီး၊ ကျေးရွာနှင့်ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီကိုပြန်လည်သင်တန်းပေးမည်ဖြစ်ပါသည်။ ကျေးရွာစီမံခန့်ခွဲမှုသင်တန်းအားလုံးသည်အစီရင်ခံသည့်ကာလအတွင်းပြီးစီးခဲ့ပါသည်။ မြို့နယ်ဝန်ထမ်းများအတွက်မွမ်းမံသင်တန်းကိုစီမံကိန်းသုံးသပ်ကာလအတွင်းဆောင်ရွက်ခဲ့ပါသည်။ MIE နှင့်MIS စသည့်သင်တန်းခေါင်းစဉ်များကိုပို့ချပေးခဲ့ပါသည်။

ပြည်ထောင်စုTAသည်စီမံကိန်း(၃)မြို့နယ်တွင်လူထုဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကိုစီမံချက်ရေးဆွဲစေခဲ့ပြီးသင်တန်းများပို့ချပေးခဲ့ပါသည်။အားလုံးသောစည်းရုံးရေးမှူးများ၊ မြို့နယ်TAနှင့်DRD သင့်တော်သောဝန်ထမ်းများသည်ဤတစ်ရက်ကြာသင်တန်းကိုတတ်ရောက်ခဲ့ပါသည်။ ကမ္ဘာဘဏ်၏ထပ်မံအကြံပြုချက်နှင့်ဤလုပ်ငန်းစဉ်ကိုစီစစ်သုံးသပ်ပြီး ထပ်မံသင်တန်းအစီအစဉ်(၃)ခုပို့ချရန်ဆုံးဖြတ်ခဲ့ပါသည်။ပထမအစီအစဉ်မှာတတ်ရောက်မည့်သင်တန်းနှင့်လိုအပ်သောအချက်အလက်များရရှိစေရန်ကြိုတင်ပြင်ဆင်ရမည်။ဒုတိယအစီအစဉ်မှာ (၄)နာရီကြာသည့်ကွင်းဆင်းလေ့လာရေးအစီအစဉ်ဖြစ်သည့်နောက်ဆုံးအချက်မှာအတွေ့အကြုံများကိုပြန်လည်ဆွေးနွေးပြီးလိုအပ်ချက်များကိုညှိနှိုင်းရန်ဖြစ်ပါသည်။ဤအစီအစဉ်(၃)ခုပါသောသင်တန်း၏ဒုတိယအ⌐ကိမ်အားကန်ပက်လက်နှင့်နမ့်ဆန်မြို့နယ်များတွင်ဆောင်ရွက်ပြီးစီးခဲ့ပြီးကျွန်းစုမြို့နယ်တွင်ဇူလိုင်လတွင်ဆောင်ရွက်သွားရန်လျာထားပါသည်။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့ဝင်အချို့သည်ကွင်းဆင်းလေ့လာသည့်သင်တန်းအစီအစဉ်တွင်ပါဝင်ခဲ့ပါသည်။ စီမံကိန်း (၃)မြို့နယ်ရှိ DRD ၏ဆက်သွယ်ရေးဝန်ထမ်းများအား ပြည်ထောင်စု TA မှ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများဆိုင်ရာသင်တန်း ကင်မရာ၊ ဗွီဒီယို၊ ဖလင်တည်းဖြတ်ခြင်း အစရှိသော သင်တန်းများပို့ချခဲ့ပါသည်။ ၎င်းသင်တန်းသည် ဆက်သွယ်ရေးပစ္စည်းများမရောက်ရှိခင်ပြီးဆုံးခဲ့ ပါသည်။

ပြည်ထောင်စု TA သည် မွမ်းမံသင်တန်းအဖြစ် ကန်ပက်လက်နှင့်နမ့်ဆမ်မြို့နယ်တွင် ပြန်လည်ပြုပြင် ထားသော M&E ပုံစံများနှင့်ပတ်သက်၍ သင်တန်းပို့ချခဲ့ပါသည်။ ပြည်ထောင်စု TA အဖွဲ့မှ ၄င်း M&E ပုံစံများကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ဤသင်တန်းတွင်အသုံးပြုခဲ့ပါသည်။ ထို့ပြင် ကျွန်းစုတွင် ဇူလိုင်လတွင် ၄င်းမွမ်းမံ သင်တန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂-၃ ကျေးရွာကော်မတီဝင်များအတွက်သင်တန်းများ

ကျေးရွာကော်မတီများအတွက် သင်တန်းအစီအစဉ်ကို မော်ကျူး (၁၀)ခု ပါသောဒီဇိုင်းပုံစံအား ပြည်ထောင်စု TA ပညာရှင်မှ ပထမသုံးလပတ်အတွင်း ပြုစုခဲ့ပြီး ၄င်းသင်တန်းကို ပို့ချခဲ့ပါသည်။ ၄င်းသင်တန်း အစီအစဉ်တွင်ပါဝင်သောကဏ္ဍများမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းစက်ဝန်၊ အကာအကွယ်၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ အကြံပြုတိုင်ကြားခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းနှင့် ဂယ်ယူရေး၊ ဇယား (၉) သည် ကျေးရွာကော်မတီဝင်များအတွက် သင်တန်းအစီအစဉ်အမျိုး အစားနမူနာပုံစံကို ဖော်ပြထားပါသည်။

**ဇယား (၉) ကျေးရွာကော်မတီဝင်များ၏မာတိကာ**

| သင်တန်းပို့ချသည့်နေ့ / ကာလ | သင်တန်းခေါင်းစဉ် |
|---|---|
| ပထမနေ့ | |
| ဝး၃ဝ | အစီအစဉ် ၁ - ဖွင့်ပွဲနှင့် CDD အကြောင်းမိတ်ဆက်ခြင်း |
| ၁း၃ဝ | အစီအစဉ် ၂ - CDD နှင့် ကျေးရွာစီမံကိန်းစက်ခန်း (နမူနာနှင့်ယှဉ်ပြောရန်) |
| ၁း၃ဝ | အစီအစဉ် ၃ - အကာအကွယ်နှင့်စီမံကိန်းလုပ်ငန်းခွဲအတည်ပြုခြင်း |
| | အစီအစဉ် ၄ - လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း |
| ၂း၃ဝ | အစီအစဉ်၅- စောင့်ကြည့်စစ်ဆေးခြင်းနှင့်စာရွက်စာတမ်းသိမ်းဆည်းခြင်း |
| တစ်ပြိုင်တည်းခေါင်းစဉ်ခွဲများ ပို့ချခြင်း | အစီအစဉ်၆- ဂယ်ယူရေးအစီအစဉ်၊ စီမံကိန်းလုပ်ငန်းခွဲ၏နည်းပညာ ဒီဇိုင်းများသုံးသပ်ခြင်းအပါအဝင် |
| | (မှတ်ချက်/ဂယ်ယူရေးအဖွဲ့အတွက် သင်တန်းသည် (၂း၃ဝ)နာရီအတွင်း မပြီးစီးနိုင်သဖြင့် ဒုတိယနေ့တွင် ဆက်လက်ဆောင်ရွက်ရမည်) |
| ဒုတိယနေ့ | |
| ၁း၃ဝ | အစီအစဉ် ၇ - CDD ၏ ကျား/မ ရေးရာ |
| ဝး၃ဝ | အစီအစဉ် ၈ - လိုက်နာရမည့်ကျင့်ဝတ် |
| ၁းဝဝ | အစီအစဉ် ၉ - အကြံပြုတိုင်ကြားခြင်း |
| ၁း၃ဝ | အစီအစဉ် ၁ဝ - မှတ်တမ်းစုဆောင်းခြင်း၊ အသိပေးကြေငြာခြင်းနှင့် လူထု စစ်ဆေးခြင်း |
| ဝး၃ဝ | ဆက်လက်ပြုလုပ်မည့်အစီအစဉ်အားရေးဆွဲခြင်း |
| ဝး၃ဝ | သင်တန်းအား ပြန်လည်သုံးသပ်ခြင်း |

ကျေးရွာစီမံခန့်ခွဲရေးသင်တန်းအား မြို့နယ်အားလုံးတွင် ဒုတိယ (၃)လပတ်အစတွင် ကျင်းပခဲ့ရာ ဧပြီလတွင် အားလုံးပြီးစီးသွားပြီဖြစ်ပါသည်။ ကျွန်းစုမြို့နယ်တွင် ဇွန် (၃)လပတ်အတွင်း ကျေးရွာကော်မတီအဖွဲ့ဝင် (၃၄၃)ဦး (၁၈၁ ဦးမှာ အမျိုးသားနှင့် ၁၆၂ ဦးမှာ အမျိုးသမီးဖြစ်ပါသည်) ကျေးရွာစီမံခန့်ခွဲမှုသင်တန်း အားတက်ရောက်ခဲ့ပါသည်။

စုစုပေါင်းသင်တန်းပို့ချခံခဲ့ရသော ကျေးရွာကော်မတီအဖွဲ့ဝင်များအား ပထမနှင့်ဒုတိယ (၃)လပတ်အတွင်းတွင် (၅၄၀၀)ဦး ရှိခဲ့ရာ (၄၉%)မှာ အမျိုးသမီးများဖြစ်ပါသည်။ ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းအတွက် ကော်မတီအဖွဲ့ဝင်များသည် ဤသင်တန်းအား ကျေးဇူးတင်ရှိပြီး အချို့မှာ ဤသင်တန်းကြောင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာတိုးတက်မှုတို့ရရှိစေသည့်အတွက် ၎င်းသည် စီမံကိန်း၏ဆင့်ပွားအကျိုးကျေးဇူးဖြစ်ပါသည်။ ပြည်ထောင်စု TA နှင့်တွေ့ဆုံခဲ့သော အမျိုးသမီးများ၏ပြောပြချက်အရ ဤကျေးရွာစီမံခန့်ခွဲမှုသင်တန်းသည် ကျေးရွာလူထုအဆင့်ကိုသာ အကျိုးပြုရုံသာမက ကျေးရွာသားတစ်ဦးချင်း၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုလည်း အကျိုးကျေးဇူးရှိကြောင်း သိရပါသည်။

## ၂-၄ သတင်းအချက်အလက်များစီမံခန့်ရေးစနစ် (MIS)

စာရင်းအချက်အလက်များအား MIS သို့ထည့်သွင်းခြင်းကို ပြုပြင်ထားသောပုံစံများအား အသုံးပြုပြီး အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းစီမံခန့်ခွဲမှုသည် MIS အား လာမည့်တတိယသုံးလ ပတ်တွင် အပြည့်အဝလည်ပါတ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

ပြည်ထောင်စု TA မှ ဌားရမ်းခဲ့သော ဘာသာပြန်သူမှ အားလုံးသော M&E ပုံစံများကို မြန်မာဘာသာသို့ ပြန်ဆိုပြီး မြို့နယ်များသို့ ဖြန့်ဝေအသုံးပြုစေပါသည်။ ထိုကဲ့သို့ပုံစံများဖြန့်ဝေခြင်းနှင့်အတူ မွမ်းမံသင်တန်း ကိုလည်း ကျွန်းစုနှင့်ကန်ပက်လက်တွင် ဝန်ထမ်းများအား ပို့ချခဲ့ပါသည်။ ထို့အတူ ကျွန်းစုမြို့နယ်တွင်လည်း ဇူလိုင်လတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MIS တွင် စာရင်းအချက်အလက်အခြေခံ (၂)ခုရှိပြီး တစ်ခုမှာ ပုံစံအဟောင်းများကို အသုံးပြု၍ ရရှိလာသောအချက်အလက်များကို Excel spread sheet ပုံစံတွင်ဖြည့်သွင်းခြင်းနှင့် ပြုပြင်ထားသောပုံစံများကို အသုံးပြုပြီး MS Access database တွင် ထည့်သွင်းခြင်းဖြစ်ပါသည်။ Excel database တွင် စီမံကိန်း (၃)မြို့ နယ်၏ သက်ဆိုင်ရာအချိတ်အဆက်များပါဝင်ပြီး ၎င်းကို ပြည်ထောင်စု DRD ကွန်ပျူတာဆာဗာတွင် ရှိပါသည်။ MS Access database ကို www.box.com တွင် ထားရှိပါသည်။

## ၂-၅ လူထုစီမံကိန်းစက်ဝန်းအကောင်အထည်ဖော်ခြင်း

စီမံကိန်းပထမစက်ဝန်း (၂၀၁၃ ခုနှစ် အောက်တိုဘာလမှ ၂၀၁၄ ခုနှစ် ဇွန်လထိ) ၏ စီမံကိန်းလုပ်ငန်း များအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရည်မှန်းချက် (၂)ဖြင့် ဆောင်ရွက်ရန်သဘောတူညီခဲ့ပါသည်။ ပထမရည်မှန်းချက်မှာ ကျေးရွာအုပ်စု (၇၂)ရွာတွင်

ဘဏ်စာရင်းဖွင့်ပြီး တိုက်ရိုက်ထောက်ပံ့ငွေများကို ၂၀၁၄ ခုနှစ်၊ မတ်လ (၃၁)ရက်တွင် လွှဲပြောင်းပေးအပ်ခြင်းနှင့် ဒုတိယရည်မှန်းချက်မှာ စီမံကိန်းလုပ်ငန်းအားလုံး ၂၀၁၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် အပြီးဆောင်ရွက်ရန်ဖြစ်ပါသည်။ ပြည်ထောင်စု TA သည် DRD ဝန်ထမ်း များနှင့်အတူ မြို့နယ် TA နှင့် စည်းရုံးရေးမှူးများအား မြို့နယ် (၃)မြို့နယ်ရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာ အထောက်အကူပြုကော်မတီများအား စီမံကိန်းလုပ်ငန်းခွဲများအား သတ်မှတ်ထားသောရက်အတွင်း ပြီးစီးရန် အကူအညီပေးရန်အတွက် အကြံပြုထားပါသည်။ ဤစာပိုဒ်သည် စီမံကိန်းလုပ်ငန်းခွဲများ ရည်မှန်းရက်အတွင်း ပြီးစီးရန်အတွက် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြထားပါသည်။

### ၂-၅-၁ လူထုအစည်းအဝေး

စီမံကိန်းမိတ်ဆက်အစည်းအဝေးများကို ကျေးရွာပေါင်း (၃၉၀)တွင် ဆောင်ရွက်ခဲ့ရာ ပထမ (၃)လပတ် အတွင်းပြီးစီးခဲ့ပါသည်။ ဤအစီအရင်ခံစာသုံးသက်သည့်ကာလအတွင်း ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအများစုသည် ၎င်းတို့၏ဒေသအသီးသီးတွင် စီမံကိန်းမိတ်ဆက်အစည်းအဝေး၏ နောက်ဆက်တွဲအဖြစ် လူထုအစည်းအဝေးများကို ကျင်းပခဲ့ပါသည်။ မှတ်တမ်းအရ ကျေးရွာတိုင်းတွင် ထိုကဲ့သို့သော လူထု အစည်းအဝေးကို အနည်းဆုံးတစ်ကြိမ်စီပြုလုပ်ခဲ့ပါသည်။ ဤအစီရင်ခံစာပြုစုသည့်ကာလအထိ တက်ရောက် ခဲ့သောလူဦးရေစာရင်းအတိအကျကို မသိရှိနိုင်ခဲ့ပါ။

### ၂-၅-၂ ကျေးရွာကော်မတီနှင့်ဆပ်ကော်မတီ

ကျေးရွာကော်မတီနှင့်ဆပ်ကော်မတီများ ပထမ (၃)လပါတ်ကာလအတွင်း ရွေးချယ်တင်မြှောက်ခဲ့ပြီး သုံးသပ်သည့်ကာလအတွင်း အပြည့်အဝလုပ်ငန်းလည်ပတ်လျှက်ရှိပါသည်။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီတွင် ကျေးရွာလူဦးရေအရ (၇)ဦးမှ (၁၀)ဦးထိ ပါဝင်ပြီး စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် ရွေးချယ်ခဲ့ပါသည်။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ အဖွဲ့ဝင်တိုင်း (၄၇၃)ရှိရာ ၄၄% မှာ အမျိုး သမီးများဖြစ်ပါသည်။

ကျေးရွာကော်မတီအဖွဲ့ဝင်အစိုးရမှ ခန့်အပ်ထားသော ကိုယ်စားလှယ်အမျိုးသားများပါဝင်ပြီး ကျေးရွာနှင့် ကျေးရွာအုပ်စုကော်မတီတွင် အမျိုးသမီးများကို ခန့်အပ်ထားပါသည်။ ကျေးရွာခေါင်းဆောင်သည် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်မရှိသော၊ သို့သော်လည်း အကြံပေး အဖြစ် ပါဝင်နိုင်ပါသည်။

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအောက်တွင် ဆပ်ကော်မတီ (၃)ခု ပါဝင်ပါသည်။ ၎င်းတို့မှာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံစာ၊ ဝယ်ယူရေးနှင့် လုပ်ငန်းလည်ပါတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီတို့ဖြစ်ပြီး ၎င်းဆပ်မကော်တစ်ဖွဲ့စီတွင် အဖွဲ့ဝင် (၂)ဦး (၃)ဦး ပါဝင်ပြီး ကော်မတီအဖွဲ့ဝင်များမှရွေးချယ်တင်မြှောက်ပါသည်။ VTPSC ၏

ကျေးရွာကိုယ်စားလှယ် (၂)ဦး၊ စေတနာ့ဝန်ထမ်းနှင့်အကြံပြု တိုင်ကြားရေးအဖွဲ့တို့သည် ဤဆပ်ကော်မတီ (၃)ဖွဲ့တွင် မပါဝင်ပါ။ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီများနှင့်ပါတ်သက်သောအချက်များ (ပြေီမှဖွန်အထိ)ကို အောက်ပါဇယား (၁၀)တွင် ဖော်ပြထား ပါသည်။

ဇယား (၁၀)    ကျေးရွာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေ

| မြို့နယ် | ကျေးရွာစုစုပေါင်း | အစီရင်ခံသည့်ကာလအတွင်း ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏လုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှု | ကော်မတီအဖွဲ့ဝင် (အမျိုးသား% အမျိုးသမီး%နှင့် စုစုပေါင်း) | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ကန်ပက်လက် | ၁၁၈ | ၁၁၈ | ၅၇ | ၄၄ | ၁၃၀၅ |
| နန့်ဆမ် | ၁၂၃ | ၁၁၇ | ၆၄ | ၃၆ | ၁၀၇၃ |
| ကျွန်းစု | ၁၄၉ | ၁၄၈ | ၅၁ | ၄၉ | ၂၃၅၆ |
| စုစုပေါင်း | ၃၉၀ | ၃၈၃ | ၅၆ | ၄၄ | ၄၇၃၁ |

## ၂-၅-၃  ကျေးရွာစေတနာ့ဝန်ထမ်းနှင့်အကြံပြုတိုင်ကြားရေးအဓိကပုဂ္ဂိုလ်

ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် စေတနာ့ဝန်ထမ်းနှင့် အကြံပြုတိုင်ကြားရေးပုဂ္ဂိုလ်တို့ကို မဲပေးရွေးချယ်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် သုံးလ ပါတ်အတွင်း စေတနာ့ဝန်ထမ်းစုစုပေါင်း (၉၄၆)ဦးသည် စီမံကိန်း (၃)မြို့နယ်တွင် စီမံကိန်းဝန်ထမ်းများ ကျေးရွာသားများနှင့် ပူးပေါင်းပြီး တက်ကြွစွာဆောင်ရွက်လျှက်ရှိပါသည်။ စေတနာ့ဝန်ထမ်းများသည် ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီအား ကူညီပြီး အစည်းအဝေးကျင်းပရေးအတွက် စည်းရုံးပေးခြင်း၊ အိမ်ထောင်စု များသို့ စီမံကိန်းအကြောင်းအရာနှင့် အစည်းအဝေးအကြောင်းအရာများကို သတင်းပေးပို့ခြင်း၊ ပုံစံများပြည့်စုံ အောင်ဖြည့်သွင်းရာတွင် ကူညီခြင်း၊ စီမံကိန်းဝန်ထမ်းများအား စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ် သောအကူအညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ကွင်းဆင်းစစ်ဆေးချက်အရ စေတနာ့ဝန်ထမ်း များသည် စီမံကိန်း၏အခက်အခဲပြဿနာများကို လူထုသို့ရှင်းပြရာတွင် အဓိကကျသောနေရာတွင် ပါဝင်သည် ကိုတွေ့ရပါသည်။

ထိုစေတနာဝန်ထမ်းများထဲတွင် (၄၉%)သည် အမျိုးသမီးများဖြစ်ကြပါသည်။ အမျိုးသမီးများ၏ စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုသည်အမြင့်ဆုံးဖြစ်ပါသည်။ ကျွန်းစုမြို့နယ်တွင် စေတနာ့ဝန်ထမ်း ရွေးချယ်ထားမှုမှာ အရေအတွက်အားဖြင့် အလွန်နည်းပါးပါသည်။ ကျွန်းစုမြို့နယ်တွင် သွားလာရခက်ခဲပြီး စီမံကိန်းရုံးနှင့်ဝေးကွာသောကြောင့် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်သည့် လုပ်ငန်းများကို မျှဝေ တာဝန်ယူရန်အတွက် စေတနာ့ဝန်ထမ်းများများရွေးချယ်ခန့်ထားသင့်ပါသည်။ ထိုကဲ့သို့သော စေတနာ့ဝန်ထမ်း အရေအတွက်နည်းပါးသောကြောင့် အရည်အသွေးပြည့်ဝသော စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အကျိုးသက်ရောက်မှုဖြစ်ပေါ်နိုင်ပါသည်။

ဇယား (၁၁)　　ကျေးရွာစေတနာ့ဝန်ထမ်းများအား ကျား/မ အရ ခန့်အပ်ထားမှု (၂၀၁၄-ဧပြီ-ဇွန်)

| မြို့နယ် | ကျား/မ အရ (%) အမျိုးသား | အမျိုးသမီး | စုစုပေါင်းစေတနာ့ဝန်ထမ်း |
|---|---|---|---|
| ကန်ပက်လက် | ၄၉ | ၅၁ | ၂၁၅ |
| ကျွန်းစု | ၃၅ | ၆၅ | ၄၆ |
| နန့်ဆမ် | ၅၈ | ၄၂ | ၁၈၅ |
| စုစုပေါင်း | ၅၁ | ၄၉ | ၄၄၆ |

စီမံကိန်းလက်စွဲ၏ လမ်းညွှန်ချက်အရ ကျေးရွာသားများသည် အကြံပြုတိုင်ကြားရေးအမိကပုဂ္ဂိုလ်အား ကျေးရွာသားထဲမှ ရွေးချယ်ခဲ့ပါသည်။ ၎င်းပုဂ္ဂိုလ်သည် အကြံပြုတိုင်ကြားရေးအဖွဲ့ဝင်များအား စီမံကိန်းနှင့် ပတ်သက်သောအကြံပြုတိုင်ကြားရေးအချက်များနှင့်ပတ်သက်၍ကူညီဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ၎င်းအမိကပုဂ္ဂိုလ်အား စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များနှင့်အတူ ရွေးချယ်ခဲ့ပါသည်။ ဇယား (၁၂)တွင် အကြံပြုတိုင်ကြားရေးအမိကပုဂ္ဂိုလ်အား ခန့်ထားမှုအခြေအနေကို ဖော်ပြထားပါသည်။

ဇယား (၁၂)　　အကြံပြုတိုင်ကြားရေးအမိကပုဂ္ဂိုလ်ခန့်ထားမှုအခြေအနေ (၂၀၁၄-ဧပြီ-ဇွန်)

| မြို့နယ် | ကျား/မ အရ (%) အမျိုးသား | အမျိုးသမီး | စုစုပေါင်းစေတနာ့ဝန်ထမ်း |
|---|---|---|---|
| ကန်ပက်လက် | ၅၁ | ၆၉ | ၄၂၆ |
| ကျွန်းစု | ၄၇ | ၅၃ | ၄၈၁ |
| နန့်ဆမ် | ၅၀ | ၅၀ | ၂၃၂ |
| စုစုပေါင်း | ၄၉ | ၅၁ | ၁၁၃၉ |

အကြံပြုတိုင်ကြားခြင်းအမိကပုဂ္ဂိုလ်များ၏ ၅၀%ခန့် နီးပါးမှာ အမျိုးသမီးများဖြစ်ကြပြီး ထိုအမျိုးသမီး များသည် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများပါဝင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

## ၂-၅-၄ ကျေးရွာအုပ်စုကော်မတီနှင့်ဆပ်ကော်မတီ

ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ (၇၂)ဖွဲ့အား ပထမ (၃)လပါတ်အတွင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကောင်းစွာလည်ပတ်နေပြီဖြစ်ပါသည်။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဖွဲ့စည်း ပြီးနောက် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီတိုင်းမှ အဖွဲ့ဝင် (၂)ဦး အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦးဖြင့် ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီကို ဖွဲ့စည်းပါသည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီတွင် အဖွဲ့ဝင်(၈)ဦးမှ (၁၇)ဦးထိ ရှိနိုင်ပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီကို ဗဟိုပြု၍ ဆောင်ရွက်ပါသည်။ ဤကျေးရွာ အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီတွင် NCDD စီမံကိန်းမတိုင်မီဖွဲ့စည်းထားသော ကျေးရွာအုပ်စုဖွံ့ဖြိုး တိုးတက်ရေးကော်မတီများမှ အဖွဲ့ဝင်များလည်း ပါဝင်နိုင်ပါသည်။

## ၂-၅-၅ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ပထမ (၃)လပတ်အတွင်း ရေးဆွဲခဲ့ပြီး ဧပြီလမှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် စီမံကိန်းလုပ်ငန်း စာရင်းတွင် ပါဝင်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲစာရင်းတွင် ပါဝင်သောစီမံချက်ကိုသာ NCDD ရံပုံငွေဖြင့် ဆောင်ရွက်နိုင်သည်။

NCDD စီမံကိန်းမစတင်မီ ကျေးရွာဖွံ့ဖြိုးမှုစီမံချက်နှင့်ပါတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းထားရမည်။ သို့သော်လည်းဤလုပ်ငန်းသည် ပြီးပြည့်စုံအောင်မလုပ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် စီမံကိန်းဝန်ထမ်းများသည် စီမံကိန်းစက်ဝန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။

## ၂-၅-၆ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ တင်ပြထားသော စီမံကိန်းလုပ်ငန်းခွဲစာရင်းများကို သက်ဆိုင်ရာကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီမှ သုံးသပ်ရပါသည်။ ဤကဲ့သို့ပြုလုပ်ရခြင်းမှာ ကျေးရွာအုပ်စုအတွင်း ပါဝင်သော ကျေးရွာများသို့ တိုက်ရိုက်ထောက်ပံ့ငွေပံ့ပိုးပေးရန်အတွက် ဖြစ်ပါသည်။

ပထမ (၃)လပါတ်အတွင်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီမှ အဆိုပြုတင်လာသော စီမံကိန်းလုပ်ငန်းခွဲ (၃၅၇)ခုအား မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်

အကောင်အထည်ဖော်ရေးကော်မတီ (TPTC)မှ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ TPTC မှ ညှိနှိုင်းဆောင်ရွက်မှုအနည်းငယ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းမှာ အခြားရုံးပုံငွေ (လွှတ်တော်အမတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန) တို့ဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းခွဲများကို ဤစာရင်းမှ ထုတ်ပယ်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲပေါင်း (၃၅၇)ခုအား ဒုတိယ (၃)လပါတ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤကိစ္စနှင့် ပါတ်သက်၍ အသေးစိတ်ကို ဤအစီရင်ခံစာ၏ အခြားကဏ္ဍတွင် ဖော်ပြထား ပါသည်။

## ၂-၅-၇ ဘဏ်စာရင်းဖွင့်လှစ်ခြင်း


ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီမှ တာဝန်ရှိသော အဖွဲ့ဝင်များသည် ကျေးရွာအုပ်စု ဘဏ်စာရင်းမှ တိုက်ရိုက်ထောက်ပံ့ငွေများကိုထုတ်ယူနိုင်ပြီး ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ အသုံးစရိတ်များကို ပေးချေရမည်။ ဤစီမံကိန်းအရ ကျေးရွာအုပ်စုများသည် ဘဏ်များတွင် ကိုယ်ပိုင်ငွေစာရင်း ဖွင့်လှစ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး မြို့နယ် (၃)မြို့နယ်လုံးရှိ ကော်မတီဝင်များမှ ကျေးဇူးတင်ရှိကြ ပါသည်။ ကျေးရွာအုပ်စု (၇၂) ရွာ၏ ငွေစာရင်းဖွင့်လှစ်ခြင်းကို ဤအစီရင်ခံသည့်ကာလအတွင်း ဖွင့်လှစ်ဆောင် ရွက်ခဲ့ပါသည်။

## ၂-၅-၈ တိုက်ရိုက်ထောက်ပံ့ငွေ

ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုအသုံးစရိတ်များတွင် တိုက်ရိုက်ထောက်ပံ့ငွေကို အကျိုးရှိစွာ အသုံးပြုနိုင်ခဲ့ပါသည်။ ကျွန်းစုမြို့နယ်တွင်ရှိသော ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ များသည် စီမံခန့်ခွဲမှု ရံပုံငွေကို ပိုမိုသုံးစွဲသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွဲအတွက် ပစ္စည်းများဝယ်ယူရန် မြို့သို့အကြိမ်များစွာသွားရသောကြောင့်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာချက်အရ အချို့သောကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများသည် စီမံကိန်းလုပ်ငန်းတွင် ၎င်းတို့၏ ကိုယ်ပိုင်ငွေများ စိုက်ထုတ်သုံးစွဲထားပြီး VTPSC မှ ပြန်လည်ရှင်းလင်းခြင်းမရှိ သေးပါ။ ထို့ကြောင့် အချို့နေရာများတွင် ပြဿနာများဖြစ်ပေါ်ခဲ့ပါသည်။ တိုက်ရိုက်ထောက်ပံ့ငွေမှ အသုံးမပြု ရသေးသောငွေစာရင်းအား ဤကာလတွင် မရရှိနိုင်သေးဘဲ ဆက်လက်တင်ပြမည့်အစီရင်ခံစာများတွင် ဖော်ပြ သွားမည်ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများမှာ ရေရရှိရေးလုပ်ငန်း (GFS၊ ကျေးရွာရေလှောင်ကန်၊ အသေးစားရေဖမ်းကန်၊ အဂီစီတွင်း)၊ အဆောက်အဦးလုပ်ငန်း (စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ကျေးရွာခန်းမ)၊ လမ်းလုပ်ငန်း (လမ်း၊ ခြေလျင်လမ်း၊ တံတား၊ ရေနုတ်မြောင်း၊ ဆိပ်ခံတံတား)၊ လျှပ်စစ်မီးရရှိရေး (ဂျင်နရေတာနှင့်ရေအားလျှပ်စစ်)နှင့် အသေးစားဆည် မြောင်းလုပ်ငန်းတို့ ဖြစ်ပါသည်။ မြို့နယ် (၃)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်း လုပ်ငန်းခွဲများတည်ရှိနေပုံကို ပုံ (၁)တွင် ဖော်ပြထားပါသည်။

**ပုံ (၁) စီမံကိန်းစက်ဝန်း (၁)၏ စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား (%)**




အထက်ဖော်ပြပါပုံအရ စီမံကိန်းလုပ်ငန်းခွဲများအမျိုးအစားများသည် ကျေးရွာကော်မတီမှ ပထမ (၃)လပါတ်အတွင်း ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာ ကျွန်းစုမြို့နယ်တွင် အဆောက်အဦးနှင့် တံတား (ဆိပ်ခံ တံတား)များကို ရွေးချယ်ခဲ့ရာ မြို့နှင့်ဝေးကွာသောပင်လယ်တွင်းကျွန်းပေါ်ရှိ ကျေးရွာလေးများသို့ ဆောက်လုပ် ရေးပစ္စည်းများ ပို့ဆောင်ရေးအတွက် ခက်ခဲပါသည်။ ကျွန်းစုမြို့နယ်၏ စီမံကိန်းလုပ်ငန်းခွဲမှာ အများအားဖြင့် အဆောက်အဦးနှင့် တံတားဖြစ်ပြီး ကန်ပက်လက်မြို့နယ်တွင် လမ်းလုပ်ငန်းမှာ အများဆုံးဖြစ်ပါသည်။ ဤအစီ ရင်ခံစာ အစပိုင်းဆွေးနွေးချက်အရ ကန်ပက်လက်မြို့နယ်ရှိ ကျေးရွာများသည် ခြေလျင်လမ်းအများဆုံး ရှိပါသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ကျေးရွာများသည် များသောအားဖြင့် လမ်းလုပ်ငန်းစီမံကိန်း လုပ်ငန်းခွဲကိုသာ ရွေးချယ်ကြပါသည်။ နန့်ဆမ်မြို့နယ်တွင် ပထဝီမြေအနေအထားအရ သောက်သုံးရေရှားပါးပါသည်။ ထို့ကြောင့် ခြောက်သွေ့သော ရာသီတွင် ရေများများသိုလှောင်ထားပါက ဤမြို့အတွက် အကျိုး များစေပါသည်။ ထို့ကြောင့် နန့်ဆမ်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းကို ရွေးချယ်ကြပါသည်။

စီမံကိန်းလုပ်ငန်း များအတွက် စီမံကိန်းလက်စွဲတွင် စီမံကိန်းစက်ဝန်းပထမနှစ်အတွင်း ပြုပြင်ထိန်းသိမ်း ရေးနှင့်တိုးချဲ့ရေးကိုသာ ဆောင်ရွက်ရန်ဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် VPSC များသည် အဆောက်အဦးအသစ်တည်ဆောက်ရေးအတွက် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံမရှိသေးသောကြောင့် ဖြစ်ပါသည်။ ကောက်ယူရရှိသော အချက်အလက်အရ (၇၅%)သော စီမံကိန်းလုပ်ငန်းခွဲများမှာ ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းဖြစ်ပြီး (၁၁%)မှာ အဆောက်အဦးဆောက်လုပ်ခြင်းဖြစ်ပါသည်။

ဇယား (၁၃)	**စီမံကိန်းစက်ဝန်း (၁)လုပ်ငန်းအမျိုးအစား**

| မြို့နယ် | လုပ်ငန်းအမျိုးအစား (%) | | |
|---|---|---|---|
| | ပြုပြင်ထိန်းသိမ်းခြင်း | တိုးချဲ့ခြင်း | လုပ်ငန်းသစ် |
| ကန်ပက်လက် | ၈၇ | ၀ | ၁၃ |
| နန့်ဆမ် | ၇၆ | ၆ | ၁၇ |
| ကျွန်းစု | ၆၄ | ၃၆ | ၀ |
| စုစုပေါင်း | ၇၅ | ၁၄ | ၁၁ |

ကျွန်းစုမြို့နယ်သည် လူဦးရေအများဆုံးဖြစ်ပြီး ၄င်း၏စီမံကိန်းလုပ်ငန်းခွဲများမှာ အသစ်တည်ဆောက်ခြင်း (၁၇%)ရှိပြီး ကန်ပက်လက်မြို့မှာ (၁၃%) ရှိပါသည်။ ကျွန်းစုမြို့နယ်၏အဓိကလုပ်ငန်းသစ်များမှာ ဆိပ်ခံတံတား၊ တံတား၊ လမ်းလုပ်ငန်းတို့ ဖြစ်ပါသည်။ကွင်းဆင်းစစ်ဆေးချက်အရစီမံကိန်းလုပ်ငန်းခွဲအများစု သည် အရည်အသွေးကောင်းမွန်ကြောင်းတွေ့ရပါသည်။ ၄င်းလုပ်ငန်းထဲတွင်VPSC မှအကောင်အထည်ဖေါ် ဆောင်ရွက်သော လုပ်ငန်းသစ်အချို့ပါဝင်ပြီး ၄င်းတို့သည်အင်ဂျင်နီယာကျွမ်းကျင်မှုလိုအပ်ချက်မြင့်မားသော လုပ်ငန်းများဖြစ်ပါသည် ။ အချို့စီမံကိန်းလုပ်ငန်းခွဲများသည် စီမံကိန်းဝန်ထမ်းများ၏ထောက်ပံ့မှုအနည်းငယ်သာ ရရှိခဲ့ပါသည်။ နမ့်ဆမ်မြို့နယ်တွင် ဝေးလံခေါင်ဖျားသောဒေသများတွင်နည်းပညာမှုးလုံလောက်စွာမခန့် ထားနိုင်သေးသည်ကိုဤအစီရင်ခံစာတွင်ဖေါ်ပြလိုပါသည် ။

## ၂-၅-၁၀	**စီမံကိန်းလုပ်ငန်းခွဲးများအကောင်အထည်ဖေါ် ဆောင်ရွက်ခြင်း**

မြို့နယ်စီမံကိန်းဝန်ထမ်းများသည် စီမံကိန်းလုပ်ငန်းခွဲများ၏ အသေးစိတ်ဒီဇိုင်းများကို ပြင်ဆင်ခဲ့ပါသည်။ သို့သော်လည်း စီမံကိန်းလုပ်ငန်းခွဲအများစုမှာ ဒေသခံများမှရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုTA သည် ကျေးရွာတစ်ရွာရှိဘုန်းတော်ကြီးတစ်ပါးရေးဆွဲသော စီမံကိန်းလုပ်ငန်းခွဲတစ်ခုကိုလေ့လာခဲ့ပါသည်။ ၄င်းသည် အင်ဂျင်နီတစ်ဦးမဟုတ်ပါ။ အချို့လုပ်ငန်းများတွင် VPSC အဖွဲ့ဝင်များသည် အနီးအနားရှိ အစိုးရစီမံကိန်းမှ အင်ဂျင်နီယာများကိုအကူအညီတောင်းခံကြပါသည်။ ထိုအင်ဂျင်နီယာများကလည်း ကျေးရွာသားများသဘောပေါက်မားလည်သည့်အထိရှင်းလင်းပြသပေးပါသည် ။

စီမံကိန်းပစ္စည်းများဂယ်ယူခြင်းကိုကျေးရွာဆပ်ကော်မတီများမှတာဂန်ယူဆောင်ရွက်ပြီး ၎င်းတို့ကိုယ်တိုင် (သို့) ကန်တရိုက်များမှတစ်ဆင့် ဂယ်ယူကြပါသည်။ စီမံကိန်းအမျိုးအစားအလိုက်ဂယ်ယူရေးနည်း လမ်းများကို ဤအစီရင်ခံစာတွင်ဖော်ပြထားပါသည် ။

မြန်မာနိုင်ငံ၏ဓလေ့ထုံးစံအရ ကျေးရွာစီမံကိန်းများတွင် ကျေးရွာ၏လှူဒါန်းငွေများကိုထည့်ဂင်ကြပါသည် ။ လှူဒါန်းရာတွင် ငွေကြေးအပြင် လုပ်အား၊ပစ္စည်းနှင့်အလုပ်သမားများအတွက် အစားအသောက်နှင့် ဖျော်ရည်အချိုရည်များပါဂင်ပါသည်။ NCDD ဖြင့်ဆောင်ရွက်သောစီမံကိန်းများတွင်ကျေးရွာ၏ထည့်ဂင်ငွေများ မပါဂင်ပါ ၊ ကျေးရွာ၏ဆန္ဒအရသာ ငွေကြေး၊ပစ္စည်းနှင့် လုပ်အားကိုထည့်ဂင်ကြပါသည် ။ ပြည်ထောင်စု TA သွားရောက်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများတွင် အမျိုးမျိုးလှူဒါန်းမှုများအားတွေ့ရှိရပြီး ပြီးဆုံးသွားသောစီမံကိန်း များအချို့သည် ဤကဲ့သို့သောလှူဒါန်းကူညီမှုများကြောင့်ပြီးစီးရသည်ယူရဖွယ်ရှိပါသည်။ ဥပမာအားဖြင့် ကျွန်းစုမြို့နယ်တွင် ဆိပ်ခံတံတားတည်ဆောက်ရာတွင် ကျပ် (၅)သန်းကုန်ကျခံပြီး စီမံကိန်း၏တိုက်ရိုက် ထောက်ပံ့ငွေမှာ တစ်ဂက်ဖြစ်ပြီး ကျန် တစ်ဂက်မှာကျေးရွာမှထည့်ဂင်သည့်ငွေဖြစ်ပါသည်။ ဤစီမံကိန်းပြီးစီးရန် အတွက် ကျေးရွာမှ လုပ်အား၊ငွေကြေး၊ ပစ္စည်းနှင့်အစားအသောက်များထည့်ဂင်ကြပါသည်။

ဤကဲ့သို့လှူးဒါန်းမှုများနှင့်ပါတ်သက်၍ သေချာစွာတွက်ချက်ပြီး စာရင်းအမှန်အား စီမံကိန်းကုန်းကျ စရိတ်တွင်ထည့်သွင်းဖော်ပြရန်အရေးကြီးပါသည် ။ စီမံကိန်းကွင်းဂန်ထမ်းများအား ဤအချက်အားဆောင်ရွက်ရန်ညွှန်ကြားထားပါသည်။ များသောအားဖြင်စီမံကိန်းလုပ်ငန်းများ၏ကုန်ကျစရိတ်ကိုအများသိရှိစေရန်ကြော်ငြာသင်ပုန်းတွင်ကြော်ငြာထားခြင်းမှတွေ့မြင်နိုင်ပါသည်။

## ၂-၅-၁၁ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်း

M&E ကော်မတီဂင်များသည် ၎င်းတို့၏အစီအစဉ်ဖြင့် စီမံကိန်းလုပ်ငန်းခွဲများသို့ပုံမှန်သွားရောက်စစ် ဆေးခဲ့ပသည်။ ဤခရီးစဉ်မှတွေ့ရှိချက်များကိုVPSC အစည်းအဂေးတွင်ပြန်လည်ဆွေးနွေးညှိနိုင်းကြပါသည်။ ဤကဲ့သို့ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်းဖြင်အဆောက်အဦးများ၏အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။ အဆောက်အဦးဆောက်လုပ်ခြင်းကိုကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဂင်များသည် ကျွမ်းကျင်အလုပ်သမားများ၊ကန်တရိုက်များများနှင့်တွေ့ဆုံဆွေးနွေးပြီးအခက်အခဲများကိုဖြေရှင်းနိုင်ခဲ့ပါသည်။ ထို့အပြင် ကျေးရွာလူထုအနေဖြင့်ဘဂတစ်သက်တာအတွေ့အကြုံများကိုရရှိနိုင်မည်ဖြစ်ပါသည်။ ထိုအချက်နှင့် ပါတ်သက်၍ အကြံပြုလိုသည်မှာကျေးရွာအဖွဲ့ဂင်များသည် ၎င်းတို့ကျေးရွာသားများ၏ကျွမ်းကျင်မှုကို ယခုဆောင်ရွက်နေသောစီမံကိန်းနှင့် စီမံကိန်းပြီးစီးသည့်နောက်တွင်လည်း ရယူဆောင်ရွက်သင့်ပါသည် ။

**၂.၅-၁၂ အကာအကွယ်ပြဿနာများ**

စီမံကိန်းအဖွဲ့သည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖေါ်ခြင်းနှင့် လုပ်ငန်းလည်ပါတ်ခြင်း၊ပြု ပြင်ထိမ်းသိမ်းခြင်းလုပ်ငန်းများအတွက်အကာအကွယ်နှင့်ပါတ်သက်သောသတိပြုစရာများနှင့်သင်တန်း များကိုပို့ချပေးခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲတိုင်း အကာအကွယ်စီစစ်ခြင်းပုံစံအားပြီးပြည့်စုံအောင်ဖြည့်သွင်းသည့်အရေအတွက်မှာနည်းပါးပါသည်။လိုအပ်ပါ က ပါတ်ဂန်းကျင်စီမံခန့်ခွဲရေးစီမံချက်အတွက် ပြင်ဆင်ရမည်ဖြစ်ပြီး စေတနာအလျောက် မြေလှူဒါန်းခြင်းအတွက် ပုံစံ(၆)ကိုအသုံးပြုရန် ပြင်ဆင်ရမည်၊ စီမံကိန်းလုပ်ငန်းခွဲတိုင်း VPSC မှစစ်ဆေးပြီး DRD မှ လက်မှတ်ရေးထိုးရမည် ။ အကာအကွယ်ဆောင်ရွက်ခြင်းကို လစဉ် M&e ပုံစံတွင် အစီရင်ခံရမည် ။ စီမံကိန်းစက်ဂန်း(၁)တွင်၊ ဆန္ဒမပါဘဲ မြေသိမ်းယူသည့် စီမံကိန်းလုပ်ငန်းခွဲမရှိပါ။

ပြည်ထောင်စု TA သည် ဒုတိယသုံးလပါတ်အတွင်း မြို့နယ်အဖွဲ့သို့ အကာအကွယ်စီစစ်ခြင်းအ ကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းနှင့်ပါတ်သက်၍ အကူအညီများပံ့ပိုးပေးခဲ့ပါသည်။ ၄င်းနှင့်ပါတ်သက်သည့် အခက်အခဲများကို ပြည်ထောင်ဆုအဆင့် M&E အရာရှိနှင့် အဆောက်အဦးပညာရှင်တို့မှ ရှင်းလင်းပေးခဲ့ပါ သည်။

သို့သော်လည်း အကာအကွယ်စီစစ်ခြင်းပုံစံ၊ စီမံကိန်းလုပ်ငန်းခွဲများအဆိုပြုသည့် ပုံစံ၊ သုံးသပ်သည့် ပုံစံများကို VPSC အဖွဲ့ဂင်များမှ ပြည့်စုံအောင်မဖြည့်နိုင်ခဲ့ပါ၊ပြည်ထောင်စု TAသည် တတိယသုံးလပါတ်တွင် အကာအကွယ်ပုံစံများပြည့်စုံစွာဖြည့်သွင်းနိုင်ရေးအတွက်ညှိနိုင်းဆောင်ရွက်မှုများပြုလုပ်သွားမည် ဖြစ်ပါသည် ။စီမံကိန်းစက်ဂန်း(၁)တွင် ပါတ်ဂန်းကျင်စီမံခန့်ခွဲမှုနှင့်ဆိုင်သော WARRENTED မရှိပါ။ စီမံကိန်းလက်စွဲတွင် မျှော်မှန်းထားခဲ့သည့်အတိုင်း ပါတ်ဂန်းကျင်ဆိုင်ရာ ပြဿနာများကို ECOPs ပုံစံများမှတဆင့် ဖြေရှင်းခဲ့ပါ သည်။

အောက်ပါဇယား(၁၄)တွင်စီမံကိန်းမြို့နယ်များတွင်ဆန္ဒအလျောက်မြေလှူဒါန်းခြင်းအခြေအနေကိုဖေ ါ်ပြထားပါသည် ။

**ဇယား(၁၄) ဆန္ဒအလျောက်မြေလှူဒါန်းခြင်းအခြေအနေ**

| မြို့နယ် | မြေလှူဒါန်းရန်လိုအပ်သော စီမံကိန်း (အရေအတွက် ) | မြေလှူးဒါန်းသူ (အရေအတွက်) | လှူဒါန်းသည့်မြေဧရိယာ |
|---|---|---|---|
| ကန်ပက်လက် | ၇ | ၄၁ | ၂၁၆၉၂၉ |
| ကျွန်းစု | ၅ | ၁၅ ( ဇနီး+ခင်ပွန်း) | ၁၀ ၈၂၀ |

၇ ( တစ်ဦး ခြင်း)

| | | | |
|---|---|---|---|
| နမ့်ဆမ် | ၁၃ | ၃၆ | စာရင်းမရရှိပါ |
| စုစုပေါင်း | ၂၇ | ၁၀၉ | |

ဖြည့်သွင်းရန်ကျန်ရှိသောပုံစံများကို တတိယ သုံးလပါတ်အတွင်း ပြီးစီးအောင်ဆောင်ဆောင်ရွက်သွားရန်စီစဉ်ထားပါသည်။ အကာအကွယ်စီစစ်ခြင်းပုံစံများကို အချိန်မီမဖြည့်သွင်းနိုင်ခြင်းမှာ ဂန်ထမ်းများမလုံလောက်ခြင်းနှင့် ကျေးရွာသားများ၏ အသိပညာနည်းသောကြောင့်ဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ NCDD သည် ကျေးရွာသားများအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပြီး နိုင်ငံတကာအဆင့်နှင့်အညီပြုစုထားသော ပုံစံများကိုဖြည့်ရသောကြောင့်ဖြစ်ပါသည် ။

## ၂-၅-၁၃ စီမံကိန်းလုပ်ငန်းများပြီးဆုံးခြင်း


ဖွန်လတွင် စိမံကိန်းလုပ်ငန်းခွဲ ပေါင်း (၂၉၄)ခု ပြီးစီးခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများ စတင်အသုံးပြုနေပြီ ဖြစ်ပါသည် ။ အချို့သောစီမံကိန်းလုပ်ငန်းခွဲများ၏ဖွင့်ပွဲအခန်းအနားသို့မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခြင်းမရှိခဲ့ပါ။ စီမံကိန်းလုပ်ငန်းများ၏ အပြီးသတ်စစ်ဆေးခြင်းပုံစံနှင့် အပြီးသတ်ငွေစာရင်းစစ်ဆေးခြင်းပုံစံတို့မှာ ပြီးဆုံးသွားသောစီမံကိန်းလုပ်ငန်းခွဲများအတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ပုံစံများဖြည့်သွင်းရန် ကျေးရွာလူထုအတွေ့အကြုံနည်းပါးခြင်း၊လက်တွေ့ကူညီဆောင်ရွက်ပေးမည့်ဂန်ထမ်းလုံလောက်မှုမရှိခြင်း၊ လူထုစည်းရုံးရေးမှူးများကျေးရွာများသို့ သွားရောက်မှုနည်းပါးခြင်းနှင့်စည်းရုံးမှုမပြုလုပ်နိုင်ခြင်းတို့သည်ပုံစံများကို ပြည့်စုံစွာမဖြည့်သွင်းနိုင်သည့်အကြောင်းရင်းဖြစ်ပါသည်။

## ၂-၅-၁၄ အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းတိုးတက်မှု

မူလရည်မှန်းထားသော စီမံကိန်းပြီးစီးမည့်နေ့ဖြစ်သည့် မေလ (၃၁)ရက်နေ့တွင် စီမံကိန်းလုပ်ငန်း (၃၅၇)ခုနှစ်၏ (၂၁) မှာပြီးစီးခဲ့ပါသည် ။ဤကဲ့သို့ ပြီးစီးခဲ့ခြင်းမှာကျေးရွာလူထုသည်အချိန်တိုအတွင်း စိမံကိန်း အခြေခံအခြေခံသဘောတရားများ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းများအကောင်အထည်ဖေါ် ခြင်းနှင့်အခြားလုပ်ငန်းများကိုအချိန်တိုအတွင်း သိရှိနားလည်ဆောင်ရွက်နိုင်သောကြောင့်ဖြစ်ပါသည်။ ထိုကဲ့သို့ (၂)လ အတွင်းစီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်ကို အထူးချီးကြူးဖွယ်ဖြစ်ပါသည်။ ဤရလဒ်သည် စည်းရုံးရေးမှူးများ ၊ မြို့နယ် ဂန်ထမ်းများ၊ ပညာရှင်များ၊CDD အတွင်းရေးမှူးရုံးနှင့် ပြည်ထောင်စုDRD တို့၏ ကူညီပံ့ပိုးပေးမှုဖြင့်

ကျေးရွာလူထု၏တက်ကြွစွာပါဝင်မှုကြောင့်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း (၂၂၀)ခုမှာ ဇွန်လအတွင်းပြီးစီးခဲ့ပါသည်။ ထို့ကြောင့်ဤအစီရင်ခံသည့်ကာလအထိ (၈၂%) ပြီးစီးခဲ့ ပါသည်။

**ပုံ (၂) စီမံကိန်းလုပ်ငန်းခွဲများပြီးစီးတိုးတက်မှု (%)**




ကျေးရွာသားများနှင့်သေချာစွာတွေ့ဆုံမေးမြန်းသောအခါ ကျေးရွာအနေဖြင့်အချို့ကိစ္စ များတွင် ကြေနပ်မှုမရှိသည်ကိုတွေ့ရပါသည်။ပထမအချက်မှာစီမံကိန်းလုပ်ငန်းပြီးစီးရန်အတွက်အချိန်မှာအလွန်တိုတောင်းခြင်းဖြစ်ပါသည်။ ၄င်းသည် ဤစီမံကိန်းတွင်ပါဝင်သောသူများ၏ အသက်မွေးကြောင်းလုပ်ငန်းအပေါ်သက်ရောက်မှုရှိစေပါသည်။ ၄င်းတို့၏ဆန္ဒအရ စီမံကိန်းလုပ်ငန်းများ၏အကောင်အထည်ဖေါ်မှုကာလကိုတိုးမြှင့် ဆောင်ရွက်ခြင်ပါသည်။ စီမံကိန်းအကောင်အထည်ဖေါ်သည့်ကာလကို လျော့ချပါက ၄င်းတို့ဝင်ငွေလျော့နည်းခြင်း၊ကန်တရိုက်တာများမှ အခြားလုပ်သားများကိုခေါ်ယူခြင်းစသည်တို့ကြုံတွေ့နိုင်ပါသည် ။ ဒုတိယအချက်မှာ အချို့သည် လူမှုဆန်းစစ်ခြင်းပြုလုပ်ခြင်းသည်မလုံလောက်ပါ။ အချို့အဖွဲ့ဝင်များသည်စီမံကိန်းအကောင်အထည်ဖေါ်ဆောင်ရွက်ရေးအတွက် ဗဟုသုတနည်းပါးပြီး

ညံ့ဖျင်းသောစီမံကိန်းလုပ်ငန်းမျိုးကိုသာရွေးချယ်လိမ့်မည်ဖြစ်ပါသည်။ တတိယအချက်မှာ ကျေးရွာလူထုသည် တိုက်ရိုက်လွှဲပြောင်းငွေခွဲဝေခြင်းအတွက် ကောင်းမွန်သော Modality ရှိရမည် ဟုယုံကြည်ထားပါသည် ။ VPSC နှင့် VTPSC အဖွဲ့ဝင်များသည် တိုက်ရိုက်ထောက်ပံ့ငွေခွဲဝေပေးခြင်း သတင်းအချက်အလက်များနှင့်၄င်းနောက်ကွယ်တွင်ရှိသောသတင်းအချက် အလက်များ၊လုပ်ထုံးလုပ်နည်းကိုသိရှိထားသင့်သည်၊ နောက်ဆုံးအချက်မှာ ကျေးရွာလူထုသည် ၄င်းတို့ဒေသ တွင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ရံပုံငွေတိုးမြှင့်ပေးရန်အထူးအလေးထားယုံကြည်ပါခြင်း ဖြစ်ပါသည်။ ကျေးရွာလူထုအနေဖြင့် အခြားလိုအပ်ချက်အရင်းအမြစ်များကို အထူးအလေးပေး ဆွေးနွေးခြင်း မရှိပါ။

## ၂-၅-၁၅ စာရွက်စာရွက်စာတမ်းများနှင့်အစီရင်ခံစာပြုစုထိမ်းသိမ်းခြင်း

NCDD စီမံကိန်းအောင်မြင်ရေးအတွက် စီမံကိန်းအကောင်အထည်ဖေါ်ခြင်းမှရရှိလာသောအတွေ့အကြုံများနှင့် ရလဒ်များစုဆောင်းပြင်ဆင်ခြင်းသည် အရေးကြီးသောလုပ်ငန်းဖြစ်ပါသည်။ ဤအထောက်အထား စာရွက်စာတမ်းများထိမ်းသိမ်းမှုတိုးတက်လာခြင်းသည် စီမံကိန်းလုပ်ငန်းပြီးဆုံးသောအခါ မှတ်တမ်းအဖြစ် ကျန်ရှိမည်ဖြစ်ပါသည်။ စာရွက်စာတမ်းများထိမ်းသိမ်းခြင်းသည် ကျေးရွာ၊ မြို့နယ်နှင့်ပြည်ထောင်စု အဆင့်များတွင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သွားလာရေးခက်ခဲသောကျေးရွာများတွင်စာရွက်စာတမ်းများစုဆောင်း ရရှိမှုခက်ခဲမှုသည် အဟန့်အတားတစ်ခုဖြစ်ပါသည် ။ ထိုနည်းတူစွာဂန်ထမ်းမလုံလောက်မှုသည်လည်း အဟန့်အတားဖြစ်ပါသည်။ အထက်ပါအကြောင်းများကြောင့် ကျေးရွာအများအပြားသည် စာရွက်စာတမ်းထိမ်း သိမ်းခြင်းကို ကောင်းမွန်စွာမဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများအတွက်ဤလိုပအပ်ချက်ကိုဖြည့်ဆည်းနိုင်ဆောင်ရွက်ရမ ည်။

## ၂-၆ ဂယ်ယူရေး

အောက်ဖေါ်ပြပါအချက်များသည်ဂယ်ယူရေးနှင့်ပါတ်သက်သောလုပ်ငန်းများဖြစ်ပါသည်။

- စီမံကိန်းမြို့နယ်အသစ်များဖြစ်သော စစ်ကိုင်း ၊ ရေဂတီ၊ မကွေး၊နှင့်ရခိုင်တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်များတွင် TA ခန့်ထားနိုင်ရေးကိုဆောင်ရွက်လျှက်ရှိပါသည်။ လျှောက်လွှာပိတ်သည့် (မေလ ၂၃ရက်နေ့အထိ EOQ (၁၃)စောင်ရရှိခဲ့ပါသည်။ DRD မှပြုစုထားသောအကြိုရွေးချယ်မှုစာရင်းအ တွက် ကမ္ဘာ ဘဏ်မှ NOL ထောက်ပံ့ခဲ့ပါသည် ။ ထိုအကြိုရွေးချယ်ထားသောစာရင်းပါ အဖွဲ့အား RFP ဇူလိုင်လ ၁)ရက်နေ့တွင်ပေးပို့ခဲ့ပြီး အဆိုပြုလွှာအား၂၀၁၄ ခုနှစ် ဇူလိုင်လ (၂၈)ရက်နေ့တွင် ပြန် လည်တင်ပြရန် အကြောင်းကြားခဲ့ပါသည်။ DRD သည် NOL ကလက်ခံပြီး

စေ့စပ်ညှိနှိုင်းစာချုပ်ချုပ်ဆိုထားသော မြို့နယ်တစ်ခုစီအတွက် ပထမအဆင့်ကုမ္ပဏီကို ဖိတ်ခေါ်လိမ့်မည်ဖြစ်သည်။ (ဩဂုတ်လကုန်ခန့်မှန်း)

- နေပြည်တော်နယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွက် မြို့နယ်အလိုက်နည်းပညာအကူအညီ အစီအစဉ် ပြန်လည်ဆန်းစစ်နေသည့် အချိန်ကာလအတွင်း၊ ဇူလိုင် ၂၁ ရက်တွင် EOI အဆိုပြုလွှာသည် နောက်ဆုံးတင်သွင်းရမည့်ရက်ဖြစ်သည်။
- ပြည်တွင်းနှင့် နိုင်ငံတကာ ကျား-မတန်းတူအခွင့်အရေးရရှိမှုဆိုင်ရာ ကျွမ်းကျင်သူတို့၏ အစီအစဉ်သည် အစီရင်ခံစာ အစောပိုင်းတွင် ဆွေးနွေးခဲ့သည်။
- နည်းပညာဆိုင်ရာ စာရင်းစစ်အတွက် အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးစီစဉ်ပေးရန် WB တွင် တာဝန်ရှိသည်။ လုပ်ငန်းကို မြို့နယ်နှစ်မြို့နယ်တွင် ပြည်ထောင်စုအဆင့်အလိုက် ပါဝင်ဆောင်ရွက်သူများအားလုံးအား ပြန်လည်မသုံးသပ်မီဩဂုတ် အစောပိုင်းတွင် စတင်လိမ့်မည်။
- ဘဏ္ဍာရေးအကြံပေးရာထူးအတွက် ပထမနှင့်ဒုတိယအဆင့်ရွေးချယ်ခြင်းခံထားရသူများနှင့်အကြို ညှိ နှိုင်းဆွေးနွေးခြင်းပြုလုပ်ခဲ့ပါသည်တတိယအဆင့်နှင့် ဆွေးနွေးညှိနှိုင်းခြင်းမပြု လုပ်ခဲ့ပါ၊၄င်းသည်သတ်မှတ် အရည်အချင်းမပြည့်မီသော ကြောင့်ဖြစ်ပါသည်။ရွေးချယ်သည့်လုပ်ငန်းစဉ်ကိုရက်သတ္တပါတ်များစွာရွှေ့ဆိုင်းခဲ့ပါသည် ။
- ပြည်ထောင်စု TA တွင် အတွင်းရေးမှူးနှင့်ဘာသာပြန်တစ်ဦးအား ၂၀၁၄ ခုနှစ်၊ ဖွန်လ(၁)ရက်နေ့တွင် ခန့်အပ်ပြီး (၁၆)လအတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည် ။
- နမ့်ဆမ်မြို့နယ်တွင် အင်ဂျင်နီယာတစ်ဦးအား ၂၀၁၄ခုနှစ်မေလ (၂၀)ရက်နေ့မှ စ၍ (၃)လကြာခန့် အပ်ခဲ့ပြီးသဘောတူစာချုပ်ကို(၁၂)လ အထိတိုးမြှင့်ချုပ်ဆိုခဲ့ပါသည် ။
- ကျွန်းစု မြို့နယ်အတွက် စက်လှေမောင်းသူ(၄)ဦး ငှားရမ်းရေးနှင့် လက်ထောက်(၄)ဦးအတွက် ကမ္ဘာ့ဘဏ် မှသဘောတူညီချက် ပေးပို့ခဲ့ပြီး သဘောတူစာချုပ်ကို ၂၀၁၄ခုနှစ် ၊ ဩဂုတ်လမှစတင်၍ (၁၀)လကြာ ချုပ်ဆိုသွားမည်ဖြစ်ပါသည်။
- ဖွန်လအတွင်းလာရောက်သော ဘဏ်မစ်ရှင်၏အကြံပြုချက်အရ နည်းပညာစစ်ဆေးခြင်းအား နည်းလမ်း(၂)ခုဖြင့်ဆောင်ရွက်သွားရန်ဖြစ်ပါသည် ၊ ပထမနည်းလမ်းမှာ ပညာရှင်တစ်ဦးငှားရမ်းပြီး အဖွဲ့အစည်းများ သုံးသပ်သည့်အစည်းအဝေးတွင်တင်ပြရန် အစီရင်ခံစာအလျှင်အမြန်ရရှိရေးဖြစ်ပြီး World Bank – executed Ccontract အောက်မှရံပုံငွေ ကျခံသွားမည်ဖြစ်ပါသည်။ အခြားနည်းလမ်းမှာ ပြည်ထောင်စု TA မှ ပညာအဖွဲ့တစ်ဖွဲ့အား (၃) ကြာငှားရမ်းရေးကိုဆောင်ရွက်သွားရန်ဖြစ်ပြီး ငှားရမ်းရေးအတွက် အစီအစဉ်များ ရေးဆွဲပြီးဖြစ်ပါသည် ။
- ဘဏ်၏ဝယ်ယူရေးပေါ်လစီအပေါ်ဆွေးနွေးချက်ကို ပြည်ထောင်စု TA နှင့် DRD တို့နှင့်ပြုလုပ်ခဲ့ရာ ကျွန်းစုမြို့နယ်အတွက် လူထုစည်းရုံးရေးမှူး ( ၁၀) ဦး၊ လက်ထောက် နည်းထောက်နည်းပညာမှူး ( ၄)ဦးနှင့် မြို့နယ် DRD နှင့် မြို့နယ် TA

တို့နှင့်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းများနှင့်ပစ္စည်းများ ဝယ်ယူရေးအတွက် ပုံစံများကို ကျေးရွာနှင့်ကိုက်ညီရေးဆောင်ရွက်ခဲ့ပါသည် ။

ပစ္စည်းများဝယ်ယူရေးဆိုင်ရာတိုးတက်မှုများကိုအောက်ပါအတိုင်းဖေါ်ပြအပ်ပါသည် ။

- စီမံကိန်းစက်ဝန်း (၁)မြို့နယ်များအတွက် ဆိုလာပြား(၁၀၀)စီနှင့် Keyboard ၊Carry case တိုကအတွက် တင်ဒါများများကိုစီစစ်သုံးသပ်ပြီးဖြစ်ပါသည် ။
- CDMA ချင့် SIM Card (၉) ခုဝယ်ယူရေးကို စီစစ်ပြီးဖြစ်ပါသည် ။ ၄င်းသည်ပြည်ထောင်စု DRD နှင့် စီမံကိန်း(၃) မြို့နယ်တို့အတွက်ဖြစ်ပါသည် ။
- ပြည်ထောင်စုDRDနှင့် စီမံကိန်းမြို့နယ်သစ် (၆)မြို့နယ်အတွက် ပရိဘောဂ (၅၆၄ ) စုံအား ဝယ်ယူရေးအတွက် စီစစ်လျှက်ရှိပြီး ဇုလိုင်လတွင်ဖြန့်ဝေပေးရန်မျှော်မှန်ထားပါသည် ။
- ပြည်ထောင်စု DRD အတွက် ၊ MIS Software များဖြစ်သော MS Office , Ms Access , MS SQL Server တို့အတွက် 30 liscense အား ဝယ်ယူရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာဝယ်ယူရေးဆပ်ကော်မတီသည် ကျေးရွာလုပ်အားနှင့် ကန်ထရိုက်အားအဓိကဝယ်ယူရေးနည်းလမ်းဖြင့်ငှားရမ်းခဲ့ပါသည်။ ဇယား ၁၅ ဖြင့် ကျေးရွာလုပ်အားငှားရမ်းမှုအခြေအနေအား ၃ မြို့နယ်တွင်ဆောင်ရွက်ထားမှုအခြေအနေအား ဖော်ပြထားပါသည်။

၈၃ ရာခိုင်နှုန်းသော စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာလုပ်အားဖြင့်ဆောင်ရွက်ခဲ့ပြီး VPSC မှပစ္စည်းဝယ်ယူရေးနှင့်အလုပ်သမားငှားရမ်းရေးကိုတာဝန်ယူခဲ့ပါသည်။VPSC သည် စီမံကိန်းလက်စွဲပါ လုပ်ထုံးလုပ်နည်းကို လိုက်နာခဲ့ပြီး ဈေးနှုန်း ၃ စုံ (three quotations)ရယူဆောင်ရွက်ခဲ့ပါသည်။ ကော်မတီအများစုသည် three quotations ကို ၄င်းတို့၏ဒေသတွင် ရယူဆောင်ရွက်ခြင်းမပြုလုပ်နိုင်ခဲ့ပေ။ ဒေသခံများသည် three quotations စနစ်နှင့်အတွေ့အကြုံမရှိခြင်းကြောင့်ဖြစ်ပါသည်။ ၄င်းသည်ကော်မတီဝင်များအတွက် စီမံကိန်းလက်စွဲကိုလိုက်နာရန်အခက်အခဲဖြစ်စေပါသည်။ မြို့ကိုသွားရောက်ပြီး three quotations ပြုလုပ်ရန်အကြိမ်ကြိမ်သွားရောက်ရခြင်းကြောင့်ကော်မတီဝင်များအတွက် အခက်အခဲဖြစ်စေပါသည်။ ကျွန်းစုမြို့နယ်တွင် မြို့ကို အကြိမ်ကြိမ်သွားရောက်ခြင်းအတွက် ခရီးစရိတ်လုံလောက်မှုမရှိသဖြင့် အခက်အခဲဖြစ်ပါသည်။ VTPSC အနေဖြင့် ၄င်းခရီးစရိတ်အတွက် ခရီးစရိတ်ကုန်ကျငွေစာရင်းတွင် ထည့်သွင်းခြင်းမပြုခဲ့ပါ။

ဇယား ၁၅၊ စက်ဝန်း ၁၊ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ

| မြို့နယ် | လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ ( | စုစုပေါင်း စီမံကိန်း |
| --- | --- | --- |

| | စီမံကိန်းလုပ်ငန်းခွဲအရေအတွက်) | | | လုပ်ငန်းခွဲ (အရေအတွက်) |
|---|---|---|---|---|
| | CFA | စာချုပ်ချုပ်ဆိုသူ | ဝယ်ယူရေး | |
| ကန်ပက်လက် | ၅၈ | ၂၈ | ၁၁ | ၉၇ |
| ကျွန်းစု | ၁၄၂ | ၁ | ဝ | ၁၄၃ |
| နမ့်ဆန် | ၉၇ | ၂ဝ | ဝ | ၁၁၇ |
| **စုစုပေါင်း** | ၂၉၇<br>(၈၃%) | ၄၉<br>(၁၄%) | ၁၁<br>(၃%) | ၃၅၇<br>(၁ဝဝ%) |

VPSCs အများအပြားနှင့်ကျေးရွာလူထုလုပ်အား၊ ပစ္စည်းများဝယ်ယူခြင်း၊ ကန်ထရိုက်ဌားရမ်းခြင်းစသည်တို့ကို မဆွေးနွေးနိုင်ခဲ့ပါ။ VPSCs အများစုသည် ပစ္စည်းများကို ကန်ထရိုက်မှတဆင့်ဝယ်ယူခဲ့ပါသည်။ အလုပ်သမားဌားရမ်းခြင်းနှင့် စီမံခန့်ခွဲမှုကို ၄င်းတို့ကိုယ်တိုင်ဆောင်ရွက်ခဲ့ပါသည်။

## ၂-၇ ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

အစီရင်ခံစာတင်ပြသည့်ကာလအတွင်း ဘ ဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတိုးတက်မှုအား အောက်ပါအတိုင်းဖော်ပြထားပါသည်။

၂ဝ၁၄ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွက် စီမံကိန်းဆိုင်ရာ အသုံးစရိတ်များနှင့် ၂ဝ၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့နောက်ဆုံးထားသော လေးလပတ်အတွက် ကြားဖြတ်ဘဏ္ဍာရေးအစီရင်ခံစာ (စာရင်းစစ်မဟုတ်) ကို ကမ္ဘာ့ဘဏ်သို့ ပေးပို့ရန်ပြင်ဆင်ခြင်းနှင့် တင်ပြခြင်းများဆောင်ရွက်ခဲ့သည်။

- နေပြည်တော်တွင် ကျေးရွာလူထုအဖွဲ့ဘဏ္ဍာရေးလမ်းညွှန်ချက်များဆိုင်ရာ သင်တန်းအား မြို့နယ် ၃ ခုရှိ ဘဏ္ဍာရေးအရာရှိများအတွက် တက်ရောက်စေခဲ့သည်။ အခြေအနေစာရင်း/နေရာ ဘဏ္ဍာရေးအရာရှိများအားဖြင့် မြှင့်တင်ထားခြင်းကို ကမ္ဘာ့ဘဏ်အထူးအဖွဲ့မှ ပြင်ဆင်ခြင်းနှင့် မျှဝေခြင်းများဆောင်ရွက်ပြီး အကြံဉာဏ်များအတွက် ရှေ့သို့တက်လှမ်းခဲ့သည်။
- ယခင်လေးလပတ်အတွင်း ၉၅% သောထောက်ပံ့ကြေးငွေများသည် ကျေးရွာအုပ်စုများအတွက်ထုတ်ယူသုံးစွဲခဲ့သည်။ ကျန်ရှိသည့် ၅% သည် မတ်လ ၃၁ ရက်တွင် BG ရရှိရန်အရန်သင့်ဖြစ်နေသည့် ၁ဝဝ ရာခိုင်နှုန်းသော ကျေးရွာအုပ်စုများအတွက် အသုံးချရန် မသေချာပေ။ကမ္ဘာ့ဘဏ်သည် ကျေးရွာအုပ်စုများအတွက် ၄ % အထက်ခွင့်ပြုထားပြီး စီမံကိန်းခွဲများ စီမံခန့်ခွဲနိုင်ရန်တိုးတက်ဆုံးဖြတ်ခဲ့သည်။
- DRD မှ ကမ္ဘာ့ဘဏ်သို့ တိုက်ရိုက်ပေးပို့မှု ၆ ခု စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၆၉၁၄၂ အားတင်ပြခြင်းနှင့် မြန်မာကျပ်ငွေ စုစုပေါင်း ၁၉၅၃၆၂.ဝ၅၂ အား ထပ်မံပံ့ပိုးခြင်း၂ဝ၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့နောက်ဆုံးထားသည့် အချိန်ကာလအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပြင်ပစာရင်းစစ်များ၏ ရည်ရွယ်ချက်အတိုင်း နှစ်စဉ်ဘဏ္ဍာငွေဖော်ပြချက်ပြည်စုံခြင်းအကဲဖြတ်အစီရင်ခံစာတွင် ဘဏ္ဍာရေးအကူနှင့်

စာချုပ်ထားသော အမျိုးသားဘဏ္ဍာရေးအတိုင်ပင်ခံပုဂ္ဂိုလ်တို့ အသစ်ရှာဖွေခြင်းအား ကမ္ဘာ့ဘဏ်သို့ ပြန်လည်သုံးသပ်ခြင်းနှင့် ထင်မြင်သုံးသပ်ရန်နှင့် NOL အတွက် တင်ပြခဲ့သည်။

**၂-၈ ဧည့်သည်တော်မှတ်တမ်း**

မေလတွင် ကန်ပက်လက်နှင့် ကျွန်းစုမြို့နယ်များသို့ ဂျာနယ်လစ်အဖွဲ့တစ်ခုသွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် မေလတွင် ကန်ပက်လက်ရှိ စီမံကိန်းကျေးရွာများသို့ အလည်စစ်ဆေးရေးခရီးသွားရောက်ခဲ့သည်။

အောက်ဖော်ပြပါဇယားသည် စီမံကိန်းအစိတ်အပိုင်း ၅ ခုမှ တစ်ခုချင်းစီ၏ ရလဒ်နှင့် ထွက်ပေါ်လာသည့်အခြေအနေများကို အကျဉ်းချုပ်ဖော်ပြထားသည်။

ဇယား ၁၁၊ စီမံကိန်းအစိတ်အပိုင်းများ၏ ထွက်လာသည့်အချက်အလက်များနှင့် ရလဒ်အကျဉ်းချုပ်(ဧပြီ-ဇွန် ၂၀၁၄) အမှန်

| ရည်ရွယ်ချက် | ထွက်လာသည့်အချက်အလက် | ရလဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|---|
| **အစိတ်အပိုင်း ၁၊ ကျေးရွာအုပ်စုအဖွဲ့ထောက်ပံ့ကြေး** | | | |
| a. ရည်ရွယ်ချက်- ဦးစားပေးကျေးရွာလူထုအခြေခံ အဆောက်အအုံအတွက် မြို့နယ် ၁၅ ခုရှိ ကျေးရွာအုပ်စု ၆၄၀ ရှိ နှစ်စဉ်စီမံကိန်းစက်ဝန်း ၃ ခုအား ငွေကြေးပံ့ပိုးရန်<br>b. အရင်းအမြစ်-စက်ဝန်းအလိုက် မြို့နယ်များတွင် ဒေါ်လာ ၂၇၀၀၀ စီမံကိန်းမှထောက်ပံ့သည် | ကျေးရွာအုပ်စုကော်မတီ၏ စီမံအုပ်ချုပ်ရေးအရ ငွေစာရင်းတစ်ခုကို ကျေးရွာအုပ်စု ၇၂ ခု၏ ကော်မတီများအတွက် မြန်မာစီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားသည်<br>ကျေးရွာအုပ်စုဘဏ်ငွေစာရင်းသို့ ၅% သော အုပ်စုထောက်ပံ့ကြေးများလက်ကျန်ကို လွှဲပြောင်းခဲ့သည်<br>၂၀၁၄ ခုနှစ်အတွက် ရွေးချယ်ထားသည့် မကွေး (စေတုတ္တရာ)၊စစ်ကိုင်း (ပင်လယ်ဘူး)၊ရခိုင် (အမ်း) နှင့်ဧရာဝတီ(လေးမျက်နှာ)တို့မှ မြို့နယ် (၄) ခု<br>နေပြည်တော် (တပ်ကုန်း) နှင့် ရန်ကုန် (ထန်းတပင်) တိုင်းဒေသကြီးများတွင် ရွေးချယ်ထားသည့် မြို့နယ် (၂) ခု | မေလတွင် မြို့နယ်သစ် ၆ မြို့နယ်မှ ၅ ခုကို လူမှုရေးနှင့်ယဉ်ကျေးမှုများပြည့်စုံသည့် DRD ဝန်ထမ်းများ | ဇန်နဂါရီလတွင် ကမ္ဘာ့ဘဏ်အဖွဲ့လာရောက်ပြီးနောက်က နဦးချက်ချင်းရွေးချယ်ထားသည့် မြို့နယ်သစ်များအတွက် နည်းပညာအကူအညီအသစ်ဆောင်ရွက်သည့် အဆင့်ဆင့်လုပ်ဆောင်မှု |
| **အစိတ်အပိုင်း ၂၊ ရေ့ဆက်လက်ဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု** | | | |

| ရည်ရွယ်ချက် | ထွက်လာသည့်အချက်အလက် | ရလဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|---|
| a. ရည်ရွယ်ချက်- မြို့နယ်နှင့် ပြည်ထောင်စုအဆင့် ဥပဒေသများဖွံ့ဖြိုးတိုးတက်ရန်နှင့်နည်းပညာအကူအညီအတွက် ငွေကြေးထောက်ပံ့ရန်<br>b. အရင်းအမြစ်- မြို့နယ်အဆင့် DRD အားထောက်ပံ့ရန် နည်းပညာအကူအညီ ၃ ခုနှင့် ပြည်နယ်အဆင့် DRD အားထောက်ပံ့ရန် နည်းပညာအကူအညီကို စီမံကိန်းမှထောက်ပံ့သည် | ကျေးရွာအုပ်စုအဖွဲ့စီမံအုပ်ချုပ်မှု ပြည့်စုံခြင်းအတွက် သင်တန်းလမ်းညွှန်ချက်နှင့် အပိုင်း<br>နောက်ဆုံးလေးလပတ်တွင် ပြီးဆုံးအောင်စတင်မည့် မြို့နယ် ၃ ခုလုံးတွင် ကျေးရွာလူထုအဖွဲ့စီမံအုပ်ချုပ်မှုသင်တန်း<br>မြို့နယ်အလိုက် နည်းပညာအကူအညီနှင့် စွမ်းရည်မြှင့်တင်ခြင်းတို့ ဆက်လက်၍ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု<br>အသစ်ပြင်ဆင်ထားသည့် M&E ပုံစံကို မြန်မာပြန်ခြင်းနှင့် မြို့နယ်များသို့ ဖြန့်ဝေခြင်း၊ မြို့နယ် ၃ ခုမှ ၂ ခုတွင် မြို့နယ်အလိုက်နည်းပညာအကူအညီနှင့်စွမ်းရည်မြှင့်တင်သူတို့အတွက် ပုံစံအသစ်ဖြင့် သင်တန်းပို့ချခြင်း<br>မြို့နယ် ၃ ခုအနက် ၂ ခုတွင် ပြင်ဆင်ထားသည့်ပုံစံကို အသုံးပြုပြီး MIS အတွက် ဒုတိယအကြိမ် စာရင်းသွင်းသင်တန်းပေးခြင်း | ပြည်ထောင်စုနည်းပညာအကူအညီမှမြို့နယ်နည်းပညာအကူအညီသို့ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းစသည်တို့ကို လမ်းညွှန်ခြင်း<br>. DRD မြို့နယ်ဂန်ထမ်းများ၊ စွမ်းရည်မြှင်တင်သူများနှင့် ကျေးရွာလူထုအဖွဲ့ဂင်များသည် စီမံကိန်းလုပ်ငန်းများကို အလေးထားဆောင်ရွက်သည်။<br>ကျေးရွာအုပ်စုအဖွဲ့ဂင်များသည် ဘဏ္ဍာရေးစီမံအုပ်ချုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အစီရင်ခံစာတင်ပြခြင်းစသည့် ဗဟုသုတအသစ်များ လျောက်ထားခြင်းကို သုံးသပ်ခြင်း | ကန်ပက်လက်တွင် ကွန်ပြူသုံးလုပ်ငန်းလုပ်ကိုင်ရန် ပါဂါအထောက်အပံ့ပစ္စည်းမရှိခြင်း၊ ကျွန်းစုတွင် အင်တာနက်မရှိခြင်းနှင့် ကန်ပက်လက်မြို့နယ်ရုံးတွင် အင်တာနက် သုံးစွဲမရခြင်း၊ MIS အချက်အလက်များ ပြည်နယ်သို့ ပို့ဆောင်ရန် ပြဿနာရှိနေခြင်း<br><br>အချို့အသုံးစရိတ်များပြန်မပေးနိုင်သည့် VPSC အဖွဲ့ဂင်များ၏ လုပ်ငန်းစီမံကိန်းစီမံရန် ထောက်ပံ့ချေးခွဲဂေမှု အကန့်အသတ်ရှိခြင်း<br><br>ကမ္ဘာဘဏ်၏တောင်းဆိုချက်အရ မြို့နယ်အလိုက် နည်းပညာအကူအညီသည် ပြန်မပေးနိုင်သည့် စီမံအသုံးစရိတ်များအပေါ် သတင်းအချက်အလက်များစုဆောင်းခြင်း လုပ်ငန်းကို လုပ်ဆောင်နေသည် |

| ရည်ရွယ်ချက် | ထွက်လာသည့်အချက်အလက် | ရလဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|---|
| **အစိတ်အပိုင်း ၃- ဗဟုသုတနှင့် သင်ကြားခြင်း** | | | |
| a. ရည်ရွယ်ချက်-<br>ကျေးရွာအုပ်စုအဖွဲ့ကိုယ်စားလှ<br>ယ်များနှင့်<br>အစိုးရဂုန်ထမ်းများအား<br>မြန်မာနိုင်ငံနှင့်ဒေသများ၏<br>အုပ်စုအခြေခံချဉ်းကပ်ခြင်းကို<br>လေ့လာရန်<br>b. အရင်းအမြစ်-<br>• နှစ်စဉ်ဈေးကွက်နေရာဖွံ့ဖြိုးတိုး<br>တက်မှုနှင့်<br>ဘက်စုံပါဝင်ပတ်သက်သူများနှစ်<br>စဉ်ပြန်လည်သုံးသပ်ခြင်းနှင့်<br>စီမံကိန်းရန်ပုံငွေဖြင့်<br>အခြားနိုင်ငံများသို့အလည်အပ<br>တ်သွားရောက်လေ့လာခြင်း<br>• အစိုးရမှ<br>စီမံကိန်းလည်ပတ်ရန်ကော်မတီ<br>ကို ထူထောင်ခြင်းနှင့်<br>ပြည်ထောင်စု အဆင့်<br>စီမံကိန်းများကို ပံ့ပိုးရန်<br>နည်းပညာကော်မတီများ<br>ထူထောင်ခြင်း | ဧပြီလတွင် တကြိမ်ပြုလုပ်မည့်<br>အစည်းအဝေးတွင်<br>စီမံကိန်းလည်ပတ်မည့်<br>ကော်မတီများဆက်သွယ်ပါဝင်ရန်၊ဧြ<br>ပီလတွင်တစ်ကြိမ်တွေ့ဆုံမည့်<br>ပြည်ထောင်စုအဆင့်<br>နည်းပညာအကြံပေးကော်မတီ<br>စီမံကိန်းတိုးမြှင့်ဆောင်ရွက်မည့်အလား<br>အလာများကို စာရွက်ထုတ်ခြင်း<br>ကွင်းဂုန်ထမ်းများသို့ဖြန့်ဝေခြင်း၊<br>အလားတူ စာရွက်များကို<br>ကျေးရွာအုပ်စုအဖွဲ့များအတွက်<br>နောက်လေးလပတ်တွင်<br>စာရွက်ထုတ်မည်ဖြစ်သည်။<br>နမ့်ဆန်မြို့နယ်ရှိ ကျေးရွာများသို့<br>မကျေနပ်လျှင်တိုင်ကြားနိုင်သည့်<br>ပုံးများကို ဖြန့်ဝေခဲ့ပြီး၊ မြို့နယ် ၂<br>ခုရှိ ကျေးရွာများတွင်<br>ပစ္စည်းကိရိယာများကို<br>ဖြန့်ဝေခဲ့သည်။<br>ကမ္ဘာ့ဘဏ်သို့ စီမံကိန်းလုပ်ဆောင်မည့်<br>နည်းဗျူဟာအကြမ်းအား | • မြို့နယ်ဂုန်ထမ်းများအား<br>ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းသင်<br>တန်းအားပေးခဲ့သည်။<br>ကင်မရာသုံးစွဲမှု<br>သင်တန်းလည်းပေးထားသည်။<br>• မြို့နယ်အတိုင်ပင်ခံပုဂ္ဂိုလ်အကြော<br>င်းပြင်ဆင်ထားသည့်<br>သတင်းစာဆောင်ပါးနှင့်<br>စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုကို<br>ပုံနှိပ်ထုတ်ထားသည်။<br>• စီမံကိန်းတိုးတက်မှုအား Hon<br>ဂန်ကြီးသို့<br>မှတ်စုပြင်ဆင်ပေးထားပြီး ၄င်းအား<br>သမ္မတထံတင်ပြမည်။ | လမ်းညွှန်ချက်နှင့် ပုံစံများ၏<br>မြန်မာဘာသာပြန်ဆိုရေးအရည်အသွေး<br>သည်<br>လုပ်ရန်ကျန်နေသည့်အခြေအနေဖြစ်သ<br>ည်။ |

| ရည်ရွယ်ချက် | ထွက်လာသည့်အချက်အလက် | ရလဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|---|
| • အစိုးရမှ မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်ရှိ ပညာရှင်ဝန်ထမ်းများ ပံ့ပိုးရန် | တင်ပြခဲ့သည်။ | | |
| **အစိတ်အပိုင်း ၄၊ အကောင်အထည်ဖော်မှု အထောက်အပံ့** | | | |
| a. ရည်ရွယ်ချက်- ပြည်ထောင်စုနှင့် မြို့နယ်အဆင့်များတွင် စီမံကိန်းစီမံအုပ်ချုပ်မှုကို အထောက်အကူပေးရန်<br>b. နည်းပညာစာရင်းစစ်နှင့် ဘဏ္ဍာငွေဆိုင်ရာ တတိယအုပ်စုအား ကူညီရန် | စီမံကိန်းလှုပ်ရှားမှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို DRD မြို့နယ်အတွင်းရေးမှူးမှ ဆက်လက်လက်ခံရန်<br>လုပ်ငန်းဆောင်ရွက်မှုစီမံချက်ကို ကမ္ဘာ့ဘဏ်မှ ပြန်လည်သုံးသပ်ရန်အတွက် အသစ်လုပ်ရန်နှင့် တင်ပြရန်<br>ရှင်းလင်းသော လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်အတွက် ထောက်ခံချက်ပြုလုပ်သည်။ | ဝန်ထမ်းသည် လိုအပ်သော ဗဟုသုတအား ဆက်လက်ဖြည့်ဆည်းရန်နှင့် ကမ္ဘာ့ဘဏ်လုပ်ငန်းဆောင်ရွက်မှုမျာနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများတွင်ကျွမ်းကျင်ရန် | DRD ရာထူးလိုအပ်ချက်များအတွက် အရည်အချင်းပြည့်ဝသောဝန်ထမ်းမျာနှင့် ဖြည့်ရန် |
| **အစိတ်အပိုင်း ၅- အရေးပေါ်ဖြစ်လာနိုင်သော အရေးပေါ်ကိစ္စရပ်များအတွက် တုံ့ပြန်မှု** | | | |
| a. ရည်ရွယ်ချက်- သဘာဝဘေးအဖြစ်အပျက်များ၊ အရေးပေါ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များတွင် လိုအပ်လာသည့်အခါ ချက်ချင်းတုန့်ပြန်ထောက်ပံ့ရန် ထောက်ပံ့ကြေးများခွင့်ပြုရန် | အစိတ်အပိုင်းများသည် အစီရင်ခံစာတင်ပြသည့်အချိန်အတွင်းမသက်ဆိုင်ပေ | ဒီအချိန်တွင်မရှိသေးပါ | ဒီအချိန်တွင်မရှိသေးပါ |

| ရည်ရွယ်ချက် | ထွက်လာသည့်အချက်အလက် | ရလဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|---|
| b. အရင်းအမြစ်-အခြားစီမံကိန်းအစိတ်အပိုင်းများမှ ရန်ပုံငွေ ပြန်လည်ခွဲဝေခြင်း | | | |

## ၃- ရလဒ်ကွန်ယက်ဖြင့် ဆက်နွယ်သော လုပ်ဆောင်မှုများ

အဓိကညွှန်းကိန်း ၆ ခုသည် ကြီးကြပ်ခြင်းအတွက် ရလဒ်မူဘောင်တွင်ပါဝင်ပြီး စီမံကိန်းအစီရင်ခံစာတွင် ၎င်းရလဒ်ပါဝင်မည်ဟုခန့်မှန်းရသည်။ရွေးချယ်ထားသော ညွှန်းကိန်းများအပေါ်အခြေခံထားသည့် သက်ဆိုင်ရာရလဒ်သည် ဤအပိုင်းတွင် အစီရင်ခံထားသည်။. လာမည့်အစီရင်ခံစာတွင် အခြားသော ညွှန်းကိန်းများကို အသေးစိတ်တင်ပြလိမ့်မည်ဖြစ်သည်။

ပြန်လည်ဆန်းစစ်ခြင်းအချိန်ကာလအတွင်းအဓိက ညွှန်ကိန်းများကြီးကြပ်ခြင်းအား စာရင်းဖြင့်အောက်တွင်ဖော်ပြထားသည်။

- တိုက်ရိုက်အကျိုးအမြတ်ရရှိသူများအရေအတွက်
- အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းခွဲများအမျိုးအစားနှင့် အရေအတွက်
- အကြံပြုတိုင်ကြားခြင်း အရေအတွက်
- အကောင်အထည်ဖော်ခြင်းနှင့် စီစဉ်ဆောင်ရွက်ခြင်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- ကျွမ်းကျင်မှုအသစ်အသုံးပြုခြင်းဖြင့် ကျေးရွာလူထုအဖွဲ့ဝင်များအရေအတွက်
- စီမံကိန်းလုပ်ငန်းခွဲများကို ခွဲခြမ်းစိတ်ဖြာခြင်း

### ၃-၁ အကျိုးအမြတ်ရရှိသူများ

တိုက်ရိုက်စီမံကိန်းအကျိုးအမြတ်ရှိသူများ (အခြေခံအဆောက်အအုံများကို လက်ခံထားသည့် လူများ) သည် ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့နယ် ၃ ခုရှိ ကျေးရွာများတွင် ကျေးရွာလူထုအဖွဲ့ဝင်များဖြစ်သည်။ တိုက်ရိုက်အကျိုးအမြတ်ရရှိသူများသည် လေးလပတ်အတွင်း စီမံကိန်းကြန့်ကြာနေ့သည့် ကျေးရွာ ၃၇၇ (၃၉၀ အပြင်) တွင် နေထိုင်ကြသည်။ စက်ဝန်း ၂ သို့ စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်မှု ရွှေ့ဆိုင်းမှု (သို့) ဖော်ပြပါ စီမံကိန်းလုပ်ငန်းခွဲများပြောင်းလဲမှုကြောင့် ကျေးရွာ ၁၃ ရွာတွင် BG ပံ့ပိုးမှုမရရှိပေ။ အကျိုးအမြတ်များသည် အဓိကဧရိယာ ၂ ခုရှိသည်။ ပထမအကျိုးအမြတ်သည် ရေရှိမှုတိုးတက်ခြင်း၊ ကျောင်းများတိုးမြှင့်ခြင်းဖြင့် ပညာရေးအရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း၊ မြေအနေအထားအလိုက် လမ်းများဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများ ပိုမိုလက်ခံလာနိုင်ခြင်းစသည့် စီမံကိန်းလုပ်ငန်းခွဲပြင်ပမှ မျှော်လင့်ထားသည့် ဝန်ဆောင်မှုများလက်ခံရရှိမှုပင်ဖြစ်သည်။ဒုတိယအကျိုးအမြတ်သည် ကျေးရွာအုပ်စု ဧရိယာများတွင် ကျေးရွာလူထုများ၏ စီမံဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးစီမံအုပ်ချုပ်မှု၊ ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် လုပ်ငန်းလုပ်ဆောင်မှုနှင့် မှတ်တမ်းမှတ်ရာများပြင်ဆင်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းစသည့် CDD ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်သည်။

ပထမအကျိုးအမြတ်ရရှိသည့်လည်ပတ်မှုသည် စီမံကိန်းလုပ်ငန်းခွဲများလုပ်ဆောင်နေသည့် ကျေးရွာများရှိ အိမ်ထောင်စုအားလုံးအတွက် ဖွင့်လှစ်ထားပြီး စီမံကိန်းဧရိယာရှိ ကျေးရွာလုပ်အားပေး/စေတနာ့ဝန်ထမ်းများ၊ ကော်မတီအဖွဲ့ဝင်များသို့ အဓိကထားသည့် အကျိုးအမြတ်ရရှိမှု ဒုတိယပုံစံသည် တိုးတက်လျက်ရှိသည်။

လေးလပတ်အတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ တိုက်ရိုက်အကျိုးအမြတ်ရရှိသူစုစုပေါင်းအရေအတွက်သည် ၂၂၅၉၄၁ ဦးဖြစ်ပြီး ၈ ရာခိုင်နှုန်းသည် ကန်ပက်လက်မှဖြစ်ပြီး၊ ၅၉ ရာခိုင်နှုန်းသည် ကျွန်းစုမှဖြစ်ကာ ၃၃ ရာခိုင်နှုန်းသည် နမ်ဆန်းမှဖြစ်ကြသည်။ စက်ဝန်း ၁ တွင် အကောင်အထည်ဖော်ထားသည့် စီမံကိန်းလုပ်ငန်းခွဲ ၃၅၇ ခုမှ တိုက်ရိုက်အကျိုးအမြတ်ရရှိသည့် အကျိုးအမြတ်ရရှိသူများ၏ သတင်းအချက်အလက်များကို ဇယား ၁၆ တွင် ဖော်ပြထားသည်။ မြို့နယ် ၃ ခုရှိ မှတ်တမ်းတင်ထားသော လူဦးရေ၏ ၉၇% သည် NCDD အကောင်အထည်ဖော်မည့် ပထမနှစ်တွင် အကျိုးအမြတ်ရလိမ့်မည်ဖြစ်သည်။အကျိုးအမြတ်ရရှိသူများသည် မေလတွင်စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ရာတွင် အသုံးချရန် စတင်မည်ဖြစ်သည်။

**ဇယား ၁၆၊ စီမံကိန်းလုပ်ငန်းခွဲများ အရေအတွက်နှင့် အကျိုးအမြတ်ရရှိမည့်သူများ**

| မြို့နယ် | စီမံကိန်းလုပ်ငန်းခွဲများ (အရေအတွက်) | ကျေးရွာများ (အရေအတွက်) | တိုက်ရိုက်အကျိုးအမြတ်ရရှိသူများ (အရေအတွက်) | မြို့နယ်လူဦးရေအချိုးအစား * အကျိုးအမြတ် (%) |
|---|---|---|---|---|
| ကန်ပက်လက် | ၉၇ | ၁၁၈ | ၁၇၆၁၂ | ၈၃ |
| ကျွန်းစု | ၁၄၃ | ၁၄၈ | ၁၃၄၆၃၆ | ၉၅ |
| နမ့်ဆန် | ၁၁၇ | ၁၂၃ | ၇၃၆၉၃ | ၉၆ |
| **စုစုပေါင်း** | **၃၅၇** | **၃၈၉** | **၂၂၅၉၄၁** | **၉၇** |

မြို့နယ်ရုံး၏ လူဦးရေအချက်အလက်များအပေါ် အခြေခံထားသည်။

## ၃-၂ စီမံကိန်းလုပ်ငန်းခွဲများ စီစဉ်ဆောင်ရွက်မှု

စုစုပေါင်း စီမံကိန်းလုပ်ငန်းခွဲ ၃၅၇ ခုသည် လေးလပတ်အတွင်း အကောင်အထည်ဖော်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်။ VTPSC မှ ခွင့်ပြုချက်ရရှိထားသည့် စီမံကိန်းလုပ်ငန်းခွဲများသည် မြို့နယ် ၃ ခုတွင် TPICs မှ အကောင်အထည်ဖော်ရန်ခွင့်ပြုချက်ရရှိထားပြီး၊ ပြန်လည်သုံးသပ်လုပ်ဆောင်မည်ဖြစ်သည်။

ဇယား ၁၇ သည် VTPSCs မှ အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့် TPIC မှ အကောင်အထည်ဖော်ရန် ခွင့်ပြုချက်ရရှိထားသည့်အရေအတွက်များကို ဖော်ပြထားခြင်းဖြစ်သည်။

ဇယား ၁၇၊ စီမံကိန်းလုပ်ငန်းခွဲများပြင်ဆင်ခြင်းနှင့် အတည်ပြုချက် (ပုံအားလုံးသည် အရေအတွက်များဖြစ်သည်)


| မြို့နယ် | VPSC မှ အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲများ | VTPSC မှ ခွင့်ပြုချက်ရရှိထားသည့် စီမံကိန်းလုပ်ငန်းခွဲများ | TPIC မှ ခွင့်ပြုချက်ရရှိထားသည့် စီမံကိန်းလုပ်ငန်းခွဲများ |
|---|---|---|---|
| ကန်ပက်လက် | ၁၁၂ | ၉၇ | ၉၇ |
| ကျွန်းစု | ၁၄၈ | ၁၄၃ | ၁၄၃ |
| နမ့်ဆန် | ၁၁၇ | ၁၁၇ | ၁၁၇ |
| **စုစုပေါင်း** | **၃၇၇** | **၃၅၇** | **၃၅၇** |

အထက်ဖော်ပြပါဇယားအရ စက်ဝန်း ၁ အကောင်အထည်ဖော်ရာတွင် VPSCs မှ မူလအဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲ ၃၇၇ ခုပါဝင်ပြီး VTPSCs မှ ၃၅၇ ခုကို ခွင့်ပြုချက်ရထားပြီးဖြစ်သည်။VIDPs ၏ အဆိုပြုချက်ရှိ TPIC သည် စီမံကိန်းလုပ်ငန်းခွဲ ၃၅၇ အားလုံးအတွက် အကောင်အထည်ဖော်ရန် ခွင့်ပြုချက်ရထားပြီးဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲအချို့သည် စက်ဝန်း ၂ ရန်ပုံငွေအတွက် VPSCs ၏ ပြန်လည်အစီအစဉ်ဆွဲခြင်းဖြစ်သည်။

စီမံကိန်းလုပ်ငန်းခွဲအားလုံး၏ အဓိကအပိုင်း (၆၄%) သည် (အဓိကလမ်းမများ) ကို လက်ခံဆောင်ရွက်ခြင်းနှင့် ကျောင်းများ ပြန်လည်မွမ်းမံပြင်ဆင်ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲစုစုပေါင်း လက်ခံထားသည့်အမျိုးအစားအလိုက်သည် ကျွန်းစုမြို့နယ်ရှိ ရေထိန်းနံရံ ၁၂ ခု ပြန်လည်တည်ဆောက်ခြင်းပါဝင်ခြင်းကြောင့် အနည်းငယ်မြင့်တက်လာခြင်းဖြစ်သည်။. စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများစာရင်းသည် လမ်းများနှင့်ကျောင်းများအတွက် ကျေးရွာလူထုအကြိုက်လုပ်ဆောင်ထားခြင်းဖြစ်သည်။ အခြားသော စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများသည် ကျေးရွာလူထုသို့ ယေ်စဉ်ကြီးလိုက်ဦးစားပေးအစီအစဉ်သည် ရေ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရရှိမှု၊ ကျန်းမာရေးစင်တာနှင့် ကျေးရွာလူထုအတွက်ခန်းမများစသည့် အခြားသော အဆောက်အဦများ၊ ရေပေးသွင်းခြင်းနှင့် အိမ်သာတို့ဖြစ်သည်။

ပုံ ၃ မှ ၅ သည် MIS စီမံကိန်းမှ ရရှိသည့်အချက်အလက်များအပေါ် အခြေခံထားသည့် မြို့နယ် ၃ ခုရှိ စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများကို ဖော်ပြထားခြင်းဖြစ်သည်။

**ပုံ (၃) ကန်ပက်လက်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများတည်ရှိမှုအခြေအနေ**





Source of data: MIS


မြို့နယ်များအကြားတွင် သိသိသာသာ ကွဲပြားခြားနားချက်များရှိသည်။ ကန်ပက်လက်တွင် လမ်းများသည် ဦးစားပေးသတ်မှတ်ချက်ဖြစ်သည်။ ကျေးရွာ ၁၈ ခုတွင်သာ လူသွားလမ်းရှိပြီး လမ်းများစွာတွင် မော်တော်ဆိုင်ကယ်သွားလာ၍ ရသော မြို့ဖြစ်ပြီး အဆင်းရဲဆုံးဖြစ်သည်။ နမ့်ဆန်တွင် ပထမဦးစားပေးသည့် အရေးကြီးသည့် အရင်းအမြစ်များ စီမံဆောင်ရွက်ခြင်း၊ စုဆောင်းခြင်းများ ဒေသဆိုင်ရာကျေးရွာလူထုများ ရင်ဆိုင်နေရသည့်အခက်အခဲမှာ ရေဖြစ်သည်။ အိမ်သို့ရေသယ်ယူပို့ဆောင်ခြင်းသည် မြေအနေအထားခက်ခဲမှုကြောင့် ခက်ခဲကြမ်းတမ်းသောအလုပ်ဖြစ်သည်။

ကျောင်းများသည် ဒုတိယဦးစားပေးအဖြစ် ကန်ပက်လက်နှင့် နမ့်ဆန်တွင်ရှိနေပြီး ကျွန်းစုတွင်မူ လမ်းများဖြစ်သည်။ ကျွန်းစုမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ ၁၂ ခုရှိသည့် (စုစုပေါင်း၏ ၈ ရာခိုင်နှုန်း) ဆိပ်ခံတံတားပြန်လည်တည်ဆောက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်နေသည်။

**ပုံ (၄) ကျွန်းစုမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများတည်ရှိမှုအခြေအနေ**




ပုံ (၅)    နန့်ဆမ်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများတည်ရှိမှုအခြေအနေ




Source of data: MIS

လုပ်ငန်းအမျိုးအစားများ (သက်တမ်းတိုးပေးခြင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအားဖြင့် စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားခွဲခြားခြင်း) ကို အပိုင်း ၂.၅.၉ တွင် ဆွေးနွေးတင်ပြထားပြီး၊ အချက်အလက်များကိုမူ ဇယား ၁၃ တွင်ဖော်ပြထားသည်။

## ၃-၃ အကြံပြုတိုင်ကြားခြင်းများ စီမံအုပ်ချုပ်မှု

မြို့နယ်အဆင့် အကြံပြုတိုင်ကြားခြင်းအား ကိုယ်တွယ်ဖြေရှင်းသည့် စနစ်သည် မြို့နယ်အလိုက်နည်းပညာအကူအညီ ဆက်သွယ်ရေးကျွမ်းကျင်သူ၏ စီမံအုပ်ချုပ်မှုဖြစ်သည်။ ကျွန်းစုတွင် ဆက်သွယ်ရေးအကြံပေးပုဂ္ဂိုလ်၏ နုတ်ထွက်ခြင်းနှင့် ၄င်းတွင် အဖွဲ့ခေါင်းဆောင်တာဝန်ပေးအပ်ထားသကဲ့သို့ နမ့်ဆန်တွင်လည်း ကျွမ်းကျင်သူ ရာထူးတိုးမြှင့်ခြင်း မြို့နယ်နစ်မြို့နယ်တွင် အကြံပြုတိုင်ကြားခြင်းကိုလျော့ချရန် လိုက်နာရမည့်အလုပ်ဖြစ်သည်။

အကြံပြုတိုင်ကြားခြင်းများအား ကိုယ်တွယ်ဖြေရှင်းသည့်စနစ်တွင် အပိုင်း ၅ ပိုင်းပါဝင်ပါသည်။ ပထမပိုင်းအနေဖြင့် အကြံပြုတိုင်ကြားခြင်းရှိသည့် အဓိကလုပ်ဆောင်သည့်ပုဂ္ဂိုလ်သည် အခြေအနေမှန်ကိုသိအောင်လုပ်သည့် အစည်းအဝေးတွင် ရွေးချယ်ခံထားရသူဖြစ်ရမည်။ ဒုတိယအနေဖြင့် ကျေးရွာအုပ်စုအဆင့်ရှိ အကြံပြုတိုင်ကြားခြင်းကော်မတီခွဲကို ပြန်လည်တည်ထောင်ရမည်။ တတိယအပိုင်းသည် ကျေးရွာအဆင့်တွင် အကြံပြုတိုင်ကြားခြင်းရှိသည့်သတင်းအချက်အလက်စည်းရုံးလှုံ့ဆော်မှုပင်ဖြစ်သည်။ အဓိက အကြံပြုတိုင်ကြားခြင်းများ၏ သင်တန်း သည် စတုတ္ထပိုင်းဖြစ်ပြီး၊ နောက်ဆုံးအနေဖြင့် ကျေးရွာအားလုံးတွင် ဆွေးနွေးညှိနှိုင်းမှု သေတ္တာ ထားရှိခြင်းပင်ဖြစ်သည်။

အစီရင်ခံစာတွင် တင်ပြထားသကဲ့သို့ ကျေးရွာအားလုံးတွင် အကြံပြုတိုင်ကြားခြင်းအဓိကလူ တစ်ဦး (သို့မဟုတ်) ၂ ဦး ရွေးချယ်ထားသည်။ အလားတူပင် အကြံပြုတိုင်ကြားခြင်းကော်မတီခွဲများကို ကျေးရွာအုပ်စု ၇၂ အုပ်စုတွင် တည်ထောင်ထားရှိခဲ့သည်။ ကျေးရွာအုပ်စု ၁၆ ခုရှိ ကော်မတီခွဲများ၏ ကျန်ရှိသည့်အပိုင်းကို လေးလပတ်အတွင်း သင်တန်းပေးခဲ့သည်။. ကျေးရွာများအားလုံးတွင် ကော်မတီခွဲအဖွဲ့ဝင်များ ပါဝင်သည့် အရေးတယူလှုံ့ဆော်မှုရှိရမည်။ အဓိက ဆွေးနွေးချက် သေတ္တာများ (၉၇%) သည် ကျေးရွာများသို့ ဖြန့်ဝေပေးထားပြီး၊ ကျေးရွာအားလုံးတွင် အနည်းဆုံး ပိုစတာတစ်ခု ခင်းကျင်းပြသထားသည်။

ဇယား ၁၈၊ မြို့နယ် ၃ ခုရှိ အကြံပြုတိုင်ကြားခြင်းများ ကိုယ်တိုင်ဖြေရှင်းမှုစနစ် တိုးတက်မှုအခြေအနေတင်ပြချက်

ဇယား ၁၈၊ အကြံပြုတိုင်ကြားခြင်းများကိုယ်တွယ်ဖြေရှင်းလှုပ်ရှားမှု အဆင့်အတန်း (ပုံအားလုံးသည် ရာခိုင်နှုန်းများဖြစ်သည်)

| လုပ်ရှားမှု/မြို့နယ်များ | ကန်ပက်လက် | ကျွန်းစု | နမ့်ဆန် |
|---|---|---|---|
| အကြံပြုတိုင်ကြားခြင်းများကိုယ်တွယ်ဖြေရှင်းစနစ် ထူထောင်ထားသည့် ကျေးရွာများ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ဆွေးနွေးအကြံပြုချက်ပုံးတပ်ဆင်ထားသည့် ကျေးရွာများ | ၁၀၀ | ၁၀၀ | ၈၃ |
| သတင်းအချက်အလက်လွှဲ့ဆော်မှုရရှိသည့် ကျေးရွာများ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ကော်မတီခွဲများသင်တန်းရရှိသည့်ကျေးရွာအုပ်စုများ | ၁၀၀ | ၁၀၀ | ၁၀၀ |

## ၃-၃-၁ အကြံပြုတိုင်ကြားခြင်းများ လက်ခံရရှိခြင်း

ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်နှစ်ခုစလုံးတွင်အကြံပြုတိုင်ကြားခြင်းများ တိုက်ရိုက်သွားသည်။ ဇယား ၁၉ တွင် လေးလပတ်အတွင်း တိုက်ရိုက်အကြံပြုတိုင်ကြားခြင်းများရှိသည့် အချက်အလက်များကို ဖော်ပြထားသည်။

ဇယား ၁၉၊ အဆင့်အလိုက် တိုက်ရိုက်အကြံပြုတိုင်ကြားခြင်းများ အခြေအနေ (ပုံအားလုံးသည် ကိန်းဂဏန်းများဖြစ်သည်)

| မြို့နယ် | ကျေးရွာအုပ်စု | မြို့နယ် | ပြည်ထောင်စု |
|---|---|---|---|
| နမ့်ဆန် | | ၄၈ | ၁၀ |
| ကျွန်းစု | | ၃၃ | ၁၁ |
| ကန်ပက်လက် | | ၅၉ | ၅၁ |
| ပြည်နယ် | - | - | - |
| **စုစုပေါင်း** | - | **၁၄၀ (၆၆%)** | **၇၂ (၃၄%)** |

အထက်ဖော်ပြပါ အချက်အလက်များသည် ပြည်ထောင်စုအဆင့်သို့ တိုက်ရိုက်သွားသည့် စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိနေချိန်တွင် မြို့နယ်အဆင့်သို့ တိုက်ရိုက်သွားသည့် အဓိက အကြံပြုတိုင်ကြားခြင်းများသာဖြစ်သည်။ ကျေးရွာအဆင့်တွင် ထူထောင်ထားသည့် အကြံပြုတိုင်ကြားခြင်း ကော်မတီခွဲသို့ ၎င်းတို့၏ တိုက်ရိုက် အကြံပြုတိုင်ကြားခြင်းများ မရှိကြောင်းတွေ့ရှိရသည်။ ကွင်းဆင်းအကဲဖြတ်ခြင်းမှ ဖော်ပြထားသည်မှာ ကော်မတီခွဲများသည် စိတ်ကျေနပ်မှုရှိအောင်ဆောင်ရွက်နိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်။ကျေးရွာအဆင့် ကော်မတီခွဲများသည် အကြံပြုတိုင်ကြားခြင်းများကို ဖြေရှင်းရန်နှင့် အကြံပြုတိုင်ကြားခြင်းများကို အထူးအလေးထားပေးနိုင်မည်ဟု ယုံကြည်ရသည်။ နောက်လေးလပတ်တွင် ၎င်းကိစ္စရပ်များကို အကဲဖြတ်ခြင်းနှင့် ကျွမ်းကျင်မှုတိုးတက်ရန် အတိုင်းအတာများကို စီစဉ်ဆောင်ရွက်ခြင်းများပြုလုပ်မည်ဖြစ်သည်။

## ၃-၃-၂ အကြံပြုတိုင်ကြားခြင်းများ လက်ခံရယူခြင်းနှင့် ပြန်လည်ဖြေရှင်းခြင်း


စုစုပေါင်းအနေဖြင့် အကြံပြုတိုင်ကြားခြင်းများ ၂၂၁ ခု ( ယခင် လေးလပတ်ထက် လေးဆတိုးတက်) ကို လက်ခံရရှိခဲ့ပြီး၊ ၁၇၄ (၈၂%) ကို ဖြေရှင်းပေးနိုင်ခဲ့သည်။အကြံပြုတိုင်ကြားခြင်းများ လက်ခံရရှိမှုတွင် ကျေးရွာအဆင့်မှ အစပြုသည့် ၉၄ %ရှိပြီး၊ ကျန်သည့်အပိုင်းမှာ စီမံကိန်းဝန်ထမ်းများထံမှ ဖြစ်သည်။ဇယား ၂၀ တွင် မြို့နယ်များအလိုက် သဘာဝကျသော အကြံပြုတိုင်ကြားခြင်းများနှင့် သက်ဆိုင်သည့် အချက်အလက်များရှိသည်။

**ဇယား (၂၀) အကြံပြုတိုင်ကြားခြင်းများ လက်ခံရယူခြင်းနှင့် ပြန်လည်ဖြေရှင်းခြင်း**

| မြို့နယ်အလိုက် အကြံပြုတိုင်ကြားခြင်းအမျိုးအစား | နမ့်ဆန် | ကျွန်းစု | ကန်ပက်လက် | ပြည်ထောင်စု | စုစုပေါင်း |
|---|---|---|---|---|---|
| **စုစုပေါင်းအကြံပြုတိုင်ကြားခြင်းများလက်ခံရရှိမှု** | **၄၈** | **၃၃** | **၅၉** | **၇၂** | **၂၁၂** |
| တုံ့ပြန်မှုရှိသည့် အကြံပြုတိုင်ကြားခြင်းများ | ၂ | ၇ | ၀ | ၂ | ၁၁ |
| တုံ့ပြန်မှုမရှိသည့် အကြံပြုတိုင်ကြားခြင်းများ | ၀ | ၈ | ၁၀ | ၁ | ၁၉ |
| တုံ့ပြန်ချက်နှင့်သက်ဆိုင်သည့် အကြံပြုတိုင်ကြားခြင်းများ | ၄၆ | ၁၈ | ၄၉ | ၆၉ | ၁၈၂ |
| မေးမြန်းမှုနှင့်သက်ဆိုင်သည့် အကြံပြုတိုင်ကြားခြင်းများ | ၀ | ၀ | ၀ | ၀ | ၀ |
| **အကြံပြုတိုင်ကြားခြင်းများ တုံ့ပြန်မှုနှင့် ပြန်လည်ဖြေရှင်းမှု** | **၄၅** (၉၄%) | **၁၀** (၃၀%) | **၅၉** (၁၀၀%) | **၆၀** (၈၃%) | **၁၇၄** (၈၂%) |

မေးမြန်းမှုများနှင့် မသက်ဆိုင်သည့် အကြံပြုတိုင်ကြားခြင်းများကို ဆွေးနွေးထားသည်မှာ ကျေးရွာအဆင့်အဖွဲ့ဝင်များသည် စီမံကိန်းလမ်းညွှန်ချက်၊ နိယာမနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုအထူးဂရုစိုက်လာကြသည်။ပုံ ၆ တွင် အလယ်အလတ်ရှိသည့် အကြံပြုတိုင်ကြားခြင်းများ ဂရပ်အရ ပေးပို့ထားသည်ကို ဖော်ပြထားပါသည်။

**ပုံ (၆) အကြံပြုတိုင်ကြားခြင်းနည်းလမ်းများ (%)**




အထက်ဖော်ပြပါ အချက်အလက်များသည် အကြံပြုတိုင်ကြားခြင်းများ၏ ၈၀% သည် ကော်မတီခွဲများထံသို့ စာရွက်ထုတ်၍ ပေးပို့ပြီးဖြစ်သည်။ ယခင်လေးလပတ်အတွင်းတွင်လည်း ၎င်းတို့နှင့် ဆင်တူသည့် ကိစ္စရပ်များရှိခဲ့သည်။ ၄၀ ရာခိုင်နှုန်းကို ဗိုက်ဘာလမ်းကြောင်း (တစ်ဦးချင်း) ဖြင့် ပေးပို့ခဲ့ပြီး၊ ဖုန်းလမ်းကြောင်းဖြင့်လည်း ဤမျှလောက်ပမာဏပေးပို့ခဲ့ကာ အနည်းဆုံး ၃ ရာခိုင်နှုန်းခန့်ကိုသာ အစည်းအဝေးများဖြင့် သတင်းပေးခဲ့သည်။

ဇယား ၂၁ တွင် အကြံပြုတိုင်ကြားခြင်းအမျိုးအစားများလက်ခံရရှိမှုကို တင်ပြထားသည်။

**ဇယား(၂၁) အကြံပြုတိုင်ကြားခြင်းများအမျိုးအစားများ**

| အမှတ်စဉ် | အမျိုးအစား | ကန်ပက်လက် | နမ့်ဆန် | ကျွန်းစု | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကျေးရွာလူထုတောင်းဆိုမှု- | ၆၂ | ၁၉ | ၁၁ | ၉၂ |
| | *(i) ရန်ပုံငွေပိုမိုရန်* | *၁၇* | *၃* | *၆* | *၂၆* |
| | *(ii) အကောင်အထည်ဖော်မှုကာလကိုက်ညီရန်* | *၁* | *၁၀* | *၃* | *၁၄* |
| | *(iii) လစာ/နေ့စားလုပ်ခ* | *၅* | *၅* | *၁* | *၁၁* |

| အမှတ်စဉ် | အမျိုးအစား | ကန့်ကွက်လက် | နမ့်ဆန် | ကျွန်းစု | စုစုပေါင်း |
|---|---|---|---|---|---|
| | *(iv) အခြားသော (အပေါင်းလက္ခဏာ) စာရင်းမှ စီမံကိန်းခွဲများ* | *၁၃* | - | *၁* | *၁၄* |
| | *(v) အသက်မွေးဝမ်းကြောင်းပံ့ပိုးမှု* | *၂၀* | - | - | *၂၀* |
| | *(vi) အမျိုးသမီးများတိုးတက်ရေးပံ့ပိုးမှု* | *၃* | - | - | *၃* |
| | *(vii) အခြားသောပံ့ပိုးမှုများ* | *၂* | *၁* | - | *၃* |
| | *(viii) စီမံကိန်းလုပ်ငန်းခွဲများတွင် ၁၂ နှစ်အောက်ကလေးများ အလုပ်လုပ်ခွင့်ပြုရန်* | *၁* | | | *၁* |
| ၂ | ကော်မတီပေါ် မူတည်၍ ကျေးရွာလူထုအကြံပြုတိုင်ကြားခြင်းများ | ၁၂ | ၅ | ၁၄ | ၃၁ |
| | *(i) ကော်မတီ၏ စီမံအုပ်ချုပ်မှုအားသံသယရှိခြင်း* | - | *၂* | *၉* | *၁၁* |
| | *(ii) ကျေးရွာကော်မတီ၏ လုပ်ဆောင်မှုအားနည်းချက်အပေါ်* အကြံပြုတိုင်ကြားခြင်း | *၁၂* | *၃* | *၅* | *၂၀* |
| ၃ | စီမံကိန်းပံ့ပိုးမှုများကို ကျေးဇူးတင်တန်ဖိုးထားခြင်း | ၁၀ | - | ၉ | ၁၉ |
| ၄ | စီမံကိန်းလုပ်ငန်းခွဲပုံစံနှင့် တည်ဆောက်မှုအကောင်အထည်ဖော်မှုကို ကျေးရွာသူရွာသားများမှ အကြံပြုတိုင်ကြားခြင်းများ | ၄ | ၈ | ၄ | ၁၆ |
| ၅ | သင်တန်းများ၊ အစည်းအဝေးများအပေါ် အကြံပြုတိုင်ကြားခြင်းများ | ၆ | ၆ | - | ၁၂ |
| ၆ | နည်းလည်ရန်ခက်ခဲသည့် များစွာသောပုံစံများနှင့် အကြံပြုတိုင်ကြားခြင်းများ | ၂ | ၁၀ | - | ၁၂ |
| ၇ | မြို့နယ်ဝန်ထမ်းများ၏ စီမံအုပ်ချုပ်မှုအခြေအနေ | ၈ | ၂ | ၁ | ၁၁ |
| ၈ | ဆက်သွယ်ရေး ပုဂ္ဂိုလ်အပေါ် ကျေးရွာမှ အကြံပြုတိုင်ကြားခြင်းများ | ၂ | ၂ | - | ၄ |
| ၉ | မြို့နယ်ဘဏ်များမှ ရန်ပုံငွေထုတ်ယူရန်ကြန့်ကြာမှု | - | ၃ | ၁ | ၄ |
| ၁၀ | လုပ်ငန်းအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်နှင့် စနစ်ခက်ခဲမှုများ | - | ၂ | - | ၂ |
| ၁၁ | ကျေးရွာလူထု၏ နားလည်မှုလွဲမှားမှုများ | ၁ | - | ၁ | ၂ |
| ၁၂ | လှေ့လာရေးသမားများအပေါ် ကျေးရွာလူထုမှ အကြံပြုတိုင်ကြားခြင်းများ(ကြိုးကြပ်ခြင်း အလည်အပတ်) | - | - | ၁ | ၁ |
| ၁၃ | အခြား | ၃ | ၁ | ၂ | ၆ |
| | စုစုပေါင်း | ၁၁၀ | ၅၈ | ၄၄ | ၁၄၈ |

ကျေးရွာလူထုအဖွဲ့ဝင်များ ပြောကြားသည့် အကြံပြုတိုင်ကြားခြင်းများသည် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်နှင့် လုပ်ဆောင်မှုများအပေါ် သံသယရှိကြောင်းဖြစ်သည်။ ကိစ္စရပ်များစွာသည် ကျေးရွာကော်မတီများ၏ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်နေသည်။လုပ်ငန်းလုပ်ဆောင်မှုတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ စီမံအုပ်ချုပ်မှု မမျှတခြင်း၊ ကော်မတီအဖွဲ့ဝင်အများစုတွင် လွှမ်းမိုးနိုင်မည့်လုပ်ဆောင်မှုရလဒ်များသည်တုံ့ပြန်မှုရှိသည့်အခြေအနေဖြစ်နေသည်။

အခြားနိုင်ငံများ၏ ဘဏ္ဍာလုပ်ငန်းအတွေ့အကြုံများကို စဉ်းစားပြီး အကြံပြုတိုင်ကြားခြင်းအမျိုးအစားခွဲခြားထားသည့် စံပြနည်းလမ်းသည် လိုက်လျောညီထွေဖြစ်နိုင်ရန် စစ်ဆေးလိမ်မည်ဖြစ်သည်။ နည်းလမ်းသစ်မှ ရရှိသည့်ရလဒ်သည် နောက်လာမည့် လေးပပတ်သို့မဟုတ် ကျော်လွန်ချိန်တွင် တင်ပြနိုင်မည်ဟု မျှော်လင့်သည်။

## ၃-၄ အိမ်ထောင်စုများ၏ စီစဉ်ဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မှုတွင် ဆက်စပ်ပါဝင်မှု

စီမံကိန်းလုပ်ငန်းခွဲများ စီစဉ်ဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မှုတွင် အိမ်ထောင်စုများပါဝင်မှုကို နည်းလမ်း ၂ မျိုးဖြင့် ခွဲခြားထားသည်။ အိမ်ထောင်စုများအတွက် ပါဝင်ဆောင်ရွက်ရန် ပထမအခွင့်အရေးအနေဖြင့် ယေဘုယျအားဖြင့် ဆွေးနွေးပွဲ ၂ ခု တက်ရောက်ခြင်းဖြစ်သည်။ ပထမအနေဖြင့် ယခင်လေးလပတ်တွင် ကျေးရွာအလိုက်အခြေအနေမှန်ကိုသိအောင်လုပ်သည့် အစည်းအဝေးမှတ်တမ်းထုတ်ရန်ပင်ဖြစ်သည်။ ဒုတိယအနေဖြင့် စီမံကိန်းလုပ်ငန်းခွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်အတွင်း VPSC မှ ဦးဆောင်သည့် အစည်းအဝေးပွဲ အများအပြားရှိခြင်းဖြစ်သည်။ယခင်အစီရင်ခံစာတွင် တင်ပြထားသည့် အချက်အလက်များသည် အခြေအနေမှန်ကို သိအောင်လုပ်သည့်အစည်းအဝေးသို့ ကျေးရွာလူထုများတက်ရောက်မှုများပင်ဖြစ်သည်။ ကွင်းဆင်းအကဲဖြတ်ခြင်းသည် အနည်းဆုံး နောက်ဆက်တွဲအစည်းအဝေးများမှ တစ်ခုနှင့် ဆက်သွယ်ထားသည့် VPSCs ၏ အဓိကလုပ်ငန်းဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းမလုံလောက်မှု၊ အခြားအရေးကြီးလုပ်ငန်းများတွင်အာရုံစိုက်နေရမှုများကြောင့် နောက်ဆက်တွဲအစည်းအဝေးတက်ရောက်မှု အချက်အလက်များကို အစီရင်ခံစာတင်ပြခြင်းတွင် မစုဆောင်းထားနိုင်ပေ။

ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ငန်းစီစဉ်ဆောင်ရွက်ခြင်းတွင် အိမ်ထောင်စုများပါဝင်မှု၏ ဒုတိယအခွင့်အလမ်းအနေဖြင့် ကော်မတီခွဲများနှင့် ကျေးရွာစီမံကိန်းပံ့ပိုးမှုကော်မတီများတွင် တိုက်ရိုက်ပါဝင်နိုင်သည့်နည်းလမ်းဖြစ်သည်။ VPSC ကြီးကြပ်အကဲဖြတ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း၊ O& M နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟူ၍ အဓိကကော်မတီခွဲ ၃ ခုရှိသည်။ ဆက်လက်၍ အဓိကပါဝင်လုပ်ဆောင်ရသူမှ အကြံပြုတိုင်ကြားခြင်းများကို သတ်မှတ်ဖြေရှင်းပေးနေချိန်တွင် ကျေးရွာလုပ်အားပေးများ/စေတနာ့ဝန်ထမ်းများသည် VPSC နှင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်သည့် ကော်မတီခွဲများတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးပေးခဲ့သည်။

ကျေးရွာအုပ်စု စီမံကိန်းပံ့ပိုးမှုကော်မတီသည် ကျေးရွာအုပ်စုအလိုက် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်းနှင့် ရန်ပုံငွေသုံးစွဲမှု အစီရင်ခံစာနှင့် စီမံအုပ်ချုပ်မှုစသည့် ကျေးရွာများအတွက် အကျိုးအမြတ်ရရှိနိုင်မှုများကို ခွဲဝေလုပ်ဆောင်ခဲ့သည်။ VIPSC တွင် ကော်မတီအဖွဲ့ဝင်များအတွက် ကော်မတီခွဲ ၂ ခု (ဘဏ္ဍာရေးနှင့် အကြံပြုတိုင်ကြားခြင်းများ) သည် VTPSC အဖွဲ့ဝင်များအကြားတွင် ရွေးချယ်ထားသည်။ ဇယား ၂၂ တွင် ဖော်ပြထားသည်မှာ အိမ်ထောင်စုများနှင့် ကျေးရွာလူထုများသည်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု တက်ကြွစွာပါဝင်မှု(ကျေးရွာလုပ်အားပေးနှင့် အကြံပြုတိုင်ကြားခြင်းကဏ္ဍ အဓိကပုဂ္ဂိုလ်တို့၏ လုပ်ကိုင်မှုများပါဝင်ခြင်း) အားဖော်ပြထားသည်။

**ဇယား (၂၂) အိမ်ထောင်စုများ၏ ဆုံးဖြတ်ချက်ချခြင်းနှင့် စီစဉ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မှုများ**

| မြို့နယ် | အိမ်ထောင်စုများ၏ ဆုံးဖြတ်ချက်ချခြင်းနှင့် စီစဉ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မှု (အရေအတွက်) | | | အိမ်ထောင်စု စုစုပေါင်းမှ ပါဝင်သည့်အိမ်ထောင်စု |
|---|---|---|---|---|
| | VPSCs | လုပ်အားပေးများ/စေတနာ့ဝန်ထမ်းများ | အကြံပြုတိုင်ကြားခြင်းကဏ္ဍအဓိကပုဂ္ဂိုလ် | |
| ကန်ပက်လက် | ၁၃၀၅ | ၂၁၅ | ၄၂၆ | ၄၃% |
| ကျွန်းစု | ၁၂၁၁ | ၄၆ | ၄၈၁ | ၉% |
| နမ့်ဆန် | ၁၀၇၃ | ၁၈၅ | ၂၃၂ | ၉% |
| **စုစုပေါင်း** | **၄၇၃၁** | **၄၄၆** | **၁၁၃၉** | **၁၁%** |

မှတ်စု- အိမ်ထောင်စုများ၏ ပါဝင်မှုကို တွက်ချက်ရာတွင် ဆုံးဖြတ်ချက်ချရာ၌ (VPSC၊ လုပ်အားပေးများ/စေတနာ့ဝန်ထမ်းများနှင့် အကြံပြုတိုင်ကြားခြင်းကဏ္ဍအဓိကပုဂ္ဂိုလ်) ပါဝင်သည့်အိမ်ထောင်စုအရေအတွက်ကို GDA အချက်အလက်အရ စာရင်းသွင်းထားသည့် စုစုပေါင်း အိမ်ထောင်စုအရေအတွက်စားထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါဇယားတွင် အားလုံးသောအိမ်ထောင်စု ၆၃၀၀ သည် ကျေးရွာများရှိ ၎င်းတို့လုပ်ငန်းများထက် စီမံကိန်းလုပ်ငန်းလည်ပတ်မှုတွင် လေးလေးနက်နက် ဆုံးဖြတ်ချက်ချခြင်းနှင့် စီစဉ်လုပ်ဆောင်မှုများတွင် တက်ကြွစွာပါဝင်ကြသည်။ စီမံကိန်း သက်တမ်းကာလတလျှောက်လုံးတွင် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများဆက်လက်လုပ်ဆောင်နေစဉ် အိမ်ထောင်စုများ၏ ပါဝင်မှုကို အရှည်သဖြင့်စဉ်းစားနိုင်သည်။. စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်မှုတွင် အလေးနက်ထားပါဝင်ဆောင်ရွက်ခြင်းနှင့်အတူ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အလုပ်သမားပံ့ပိုးမှုများ၊ စီမံကိန်းလုပ်ငန်းခွဲများနယ်ပယ် ကျေးရွာလူထုလိုအပ်ချက်အရပြောင်းလဲခြင်းများ၊ ရံဖန်ရံခါ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကဲဖြတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများ၏ ဘဏ္ဍာရေးစီမံအုပ်ချုပ်မှုများတွင် အိမ်ထောင်စုပေါင်း ၄၇၃၁ သည် တက်ကြွစွာပါဝင်နေကြောင်း စိတ်ဝင်စားဖွယ်တွေ့ရှိရသည်။လုပ်အားပေးများ/စေတနာ့ဝန်ထမ်းများသည်

ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့်လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် အစည်းအဝေးတက်ရောက်စာရင်းမှတ်တမ်းတင်ခြင်းနှင့်စုဆောင်းခြင်း အိမ်ထောင်စုများအားလုံး အစည်းအဝေးတက်ရောက်ရန်သတင်းပေးခြင်း၊ အစည်းအဝေးစီစဉ်ခြင်းစသည့် အဓိကလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။

တခြားတဘက်တွင် အကြံပြုတိုင်ကြားခြင်းကဏ္ဍအတွက် အဓိက ပုဂ္ဂိုလ်၏ တက်ကြွစွာပါဝင်ပတ်သက်မှုသည် ပုံမှန်သာဖြစ်သည်။ လာမည့်အစီရင်ခံစာတွင် ၄င်းကဏ္ဍနှင့်ပတ်သက်၍ အကဲဖြတ်ရန် စီစဉ်မည်ဖြစ်သည်။

## ၃-၅ ကျေးရွာလူထုအဖွဲ့ဝင်များ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ခြင်း

ကော်မတီအဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်အားပေး/စေတနာ့ဝန်ထမ်းများနှင့် စီမံကိန်းဝန်ထမ်းများသည် ကျေးရွာလူထုများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ကျွမ်းကျင်မှုများ အောင်မြင်စေရေးမျှော်လင့်ကြသည်။ဆက်လက်၍ ပုံမှန်သင်တန်းပေးခြင်းနှင့် ပြန်လည်ဆန်းသစ်သည့် လုပ်ရှားမှုများသည် CDD နှင့်ဆက်နွယ်သည့် ကျေးရွာအုပ်စုအဖွဲ့များ၏ ကျွမ်းကျင်မှုအောင်မြင်စေရန် တိုက်ရိုက်ပါဝင်လိမ့်မည်ဖြစ်သည်။ ဖေဖော်ဝါရီလ/မတ်လတွင် ကန်ပက်လက်နှင့် နမ့်ဆန်ရှိ ကော်မတီအားလုံးကို ကျေးရွာလူထုသင်တန်းများဖြန့်ဝေခြင်းလုပ်ဆောင်မည်ဖြစ်သည်။ အစီရင်ခံစာအစောပိုင်းတွင် ဖော်ပြထားသည်မှာ မြို့နယ် ၃ မြို့နယ်တွင် ကျေးရွာအုပ်စုစီမံကိန်းကော်မတီနှင့် ကျေးရွာကော်မတီအဖွဲ့ဝင် ၅၄၆၇၊ ကျေးရွာလုပ်အားပေး/စေတနာ့ဝန်ထမ်းနှင့် အကြံပြုတိုင်ကြားခြင်းကဏ္ဍအဓိကပုဂ္ဂိုလ်များကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။

အထောက်အထားသက်သေအနေဖြင့် သုံးလပတ်အတွင်း ကျေးရွာလူထုအဖွဲ့ဝင်များပါဝင်လုပ်ဆောင်နေခြင်းသည် အတူတကွနည်းပညာဆိုင်ရာ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံကြီးကြပ်မှုများစသည့် နယ်ပယ် ၃ ခုတွင် ကျွမ်းကျင်မှုအသစ်များ လေ့ကျင့်ရန် စတင်နေပြီဖြစ်သည်။အဖွဲ့ဝင်များသည် စီမံကိန်းဝန်ထမ်းများနှင့် အတူတကွလက်တွဲပြီး စီမံကိန်းလုပ်ငန်းခွဲပုံစံများ၊ ဒေသနှင့်ကိုက်ညီပြီးလိုအပ်သည့် ပုံစံများကို ပြောင်းလဲလုပ်ဆောင်မှုများ၊ ကျွမ်းကျင်အဖွဲ့ဝင်များ၏ အတွေ့အကြုံကို အသုံးချသည့် ပုံစံအသစ်များလုပ်ဆောင်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများတည်ဆောက်ခြင်းစသည့် တို့ကို တက်ကြွစွာလုပ်ဆောင်နေကြသည်။မြို့နယ်များတွင် နည်းပညာဆိုင်ရာဝန်ထမ်းများ မရှိခြင်းကြောင့် အချို့သော VPSCs များတွင် စီမံကိန်းလုပ်ငန်းခွဲများအောင်မြင်ပြီးမြောက်စေမည့် ကျွမ်းကျင်မှုနှင့် အဆင့်မြင့် အင်ဂျင်နီယာဗဟုသုတများ များစွာ ရှိရမည်ဖြစ်သည်။မတည်ငြိမ်သောမြေဆီလွှာနှင့် ပင်လယ်ရေလှိုင်းစီးဆင်းနေသည့် ကျွန်းစုတွင် တည်ရှိနေသည့် စီမံကိန်းလုပ်ငန်းခွဲပေါင်းများစွာသည် ရေရှည်တည်တံ့စေရန် တည်ဆောက်မှုအသစ်များဖြင့်လုပ်ဆောင်နေရခြင်းသည် အခက်အခဲဆုံးအကြောင်းအချက်ဖြစ်သည်။

VPSC အဖွဲ့ဝင်များသည် အလုပ်သမားနှင့် ဝန်ဆောင်မှု၊ ပစ္စည်းအထည်အားလုံးကို ရယူရေးလုပ်ငန်းဆောင်ရွက်မှုအလေ့အထများကို ကျင့်သုံးကြသည်။ ၎င်းတို့အတွက် ကျွမ်းကျင်သူ၏ ဗဟုသုတအား လေ့ကျင့်ရန်နှင့် ရယူရန် ပထမအကြိမ်ဖြစ်ခဲ့သည်။

VPSC အဖွဲ့ဝင်များသည် VTPSC မှ စီမံဆောင်ရွက်ထားသည့် ဘဏ္ဍာရေးကိစ္စအားလုံးနှင့် အတူလက်တွဲလုပ်ဆောင်နေသည်။မှတ်တမ်းမှတ်ရာများပြုလုပ်ဆောင်ရွက်ခြင်းသည် အလုံးစုံကြီးကြပ်ရေးလုပ်ငန်းများနှင့် အကာအကွယ်ပေးခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ယခင်ဖော်ပြထားသည်မှာ စိတ်ကျေနပ်မှု အပြည့်အဝမရရှိခဲ့ကြောင်းပင်ဖြစ်သည်။ လုပ်ဆောင်မှုသည် အနာဂတ်လုပ်ငန်းစဉ်များကို ဖြည့်ဆည်းရန်အတွက် အာမခံချက်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ကော်မတီများတွင် ပါဝင်သည့်အမျိုးသမီးများသည် ကျေးရွာအဆင့်အဖွဲ့ဝင်များအတွက် အတွေ့အကြုံအသစ်များတစ်ခုဖြစ်သည်။ ကျေးရွာအဆင့်များတွင် အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြင့် လုပ်ဆောင်နေကြရသည်။ သီးသီးသန့်သန့်ရှိသော လူမျိုးစုအနည်းစုမှ အမျိုးသမီးများသည် ပြည်သူလူထုအား စကားပြောရန်ဝန်လေးကြသည်။ အမျိုးသမီးများရွေးချယ်ထားသည့်ကော်မတီသည် သီးသန့်အခန်းကဏ္ဍအဖြစ် တာဝန်ပေးသတ်မှတ်ခံရသည်။ လေ့လာတွေ့ရှိချက်များမှ ဆွေးနွေးတင်ပြသည်မှာ ၎င်းတို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပါဝင်လာကြပြီး၊ ကျွမ်းကျင်မှုအသစ်များနှင့် အနာဂတ်တွင် ရင်ဆိုင်အင်အားသုံးလုပ်ဆောင်ကြမည်ဖြစ်သည်။ကွင်းဆင်း အကဲဖြတ်ခြင်းသည် VPSCs ကို ကောင်းစွာလုပ်ဆောင်သည့် အမျိုးသမီးဦးစီးအိမ်ထောင်စုအများအပြားကို ရည်ညွှန်းထားပြီး အဆိုပါ အဖွဲ့ဝင်များသည် ၎င်းတို့အား ရာထူးနေရာများတွင် ဆက်လက်လုပ်ဆောင်စေလိုကြသည်။

## ၄- အကောင်အထည်ဖော်မှု အခြေအနေ

စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် အဓိကအခြေအနေများအား ဆွေးနွေးခြင်းအား ထောက်ပံ့ပေးထားသည့်အပိုင်းဖြစ်သည်။ အစီရင်ခံစာတင်ပြချိန်အတောအတွင်း အဓိက အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်သည့် အခြေအနေ ၄ မျိုးမှာDRD ၏ ဝန်ထမ်းရေးရာများ၊ အခြေအနေမှန်ကိုသိအောင်လုပ်သည့်အစည်းအဝေးများဆောင်ရွက်ခြင်းနှင့် စီမံကိန်းဝန်ထမ်းများ၏ သင်တန်းပို့ချခြင်း၊ ကျား-မတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအား စီမံဆောင်ရွက်ခြင်း၊ စသည်တို့ဖြစ်သည်။ အဆိုပါ အခြေအနေများအား အောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

### ၄-၂ ဝန်ထမ်းရေးရာ

ပြီးခဲ့သည့် သုံးလပတ်အတွင်း နိုင်ငံတော်အဆင့်တွင် လစ်လပ်နေသည့် စီမံကိန်းအကဲဖြတ်ခြင်းနေရာ၊ DRD သည် ဝန်ထမ်းကိစ္စများတွင် အထူးအလေးထားဦးစားပေးဆောင်ရွက်နေသည်။အလားတူအခြေအနေတစ်ရပ်အဖြစ် MIS ဝန်ထမ်းနှင့် စီမံကိန်းအကဲဖြတ်ဝန်ထမ်းများ မြို့နယ်များတွင်မရှိခဲ့ပေ။ မြို့နယ်အဆင့် နည်းပညာအကူအညီနှင့်

နိုင်ငံတော်အဆင့် နည်းပညာအကူအညီအတွက် အတွေ့အကြုံနှင့် ကျွမ်းကျင်မှု ရှိသည့် အသုံးပြုနိုင်သည့် DRD ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်မှု လျော့နည်းခြင်းသည် အခက်အခဲတစ်ရပ်အဖြစ် အတွေ့အကြုံရှိပြီး အရည်အချင်းရှိသည့်ဝန်ထမ်းများလိုအပ်နေသည်။နမူနာဆန်တွင် TF ရာထူးအတွက် မကိုက်ညီသော ဝန်ထမ်းများအကြောင်းအစောပိုင်းတွင်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းများ၏ အရည်အသွေးကို လက်မခံနိုင်မှုသည် ထပ်ခါထပ်ခါဖြစ်ပေါ်နေသော အခက်အခဲဖြစ်သည်။ စီစဉ်ဆောင်ရွက်နေမှုများသည် လေးလပတ်အတွင် အရေးကြီး ရာထူးအတွက် ဖြည့်ပေးရန် တိုးတက်မှုအခြေအနေတွင်ရှိနေသည်။

မြို့နယ်အလိုက် နည်းပညာဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများ၏ အရည်အသွေးသည် မှတ်တမ်းမှတ်ရာများကဲ့သို့ အကောင်အထည်ဖော်မှု အရည်အသွေးများနှင့် ပတ်သက်ဆက်နွှယ်နေသည့်အကြောင်းအချက်များဖြစ်သည်။ သင်တန်းများလက်ဆင့်ကမ်းပေးမှုအမျိုးမျိုးနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းများ ရှိသော်လည်း အကျိုးရှိအောင်ဆောင်ရွက်နိုင်မှုမရှိသေးပေ။နမူနာအချို့အနေဖြင့် အချက်အလက်များသေချာအောင်ပြုလုပ်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်း၊ ကိုယ်စားပြုနိုင်ခြင်း၊ နှိုင်းယှဉ်ချိန်ဆနိုင်ခြင်းစသည့် အညွှန်းများတွင် ကျွမ်းကျင်မှုနည်းပါးကြောင်းတွေ့ရသည်။ အလားတူလေ့လာတွေ့ရှိချက်များအရ အခြေခံအဆောက်အအုံစီစဉ်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကိုလည်း အထူးအလေးထားဆောင်ရွက်သည်။ စီစဉ်ဆောင်ရွက်မှု အရည်အသွေးသည် စိတ်ကျေနပ်စရာကောင်းသော်လည်း စံသတ်မှတ်ချက်အားနည်းပြီး၊ စီမံကိန်းဝန်ထမ်းများ၏ ကြီး ကြပ်ကွပ်ကဲမှုမရှိဘဲပျက်ကွက်မှုများရှိနေသည့် အချို့သော စီမံကိန်းလုပ်ငန်းခွဲများတွင် နောက်ဆုံးရလဒ်အရည်အသွေးသည် မျှော်မှန်းထားသည်ထက် လျော့နည်းနေကြောင်းတွေ့ရှိရသည်။ တိကျသေချာသော သက်သေအနေဖြင့် မြို့နယ်အလိုက်နည်းပညာဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများသည် ကျေးလက်ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် လိုက်လျောညီထွေရှိမှု အားနည်းခြင်းပင်ဖြစ်သည်။ နည်းပညာဆိုင်အရာ အထူးသီးသန့် တောင်းဆိုချက်နှင့် ပတ်သက်သည့် အခက်အခဲများကို အကောင်အထည်ဖော်ဆောင်ရန် လုပ်ငန်းအစီအစဉ်အတွက် မြို့နယ်အလိုက် နည်းပညာဆိုင်ရာအကူအညီပေးမှုများတွင် စွမ်းဆောင်ရည်တိုးတက်မှုရှိရန် လိုအပ်နေသည်။

## ၄-၃ ကွန်ပြူတာပစ္စည်းများနှင့် အင်တာနက်အထောက်အပံ့ ပံ့ပိုးမှု

မြို့နယ်အတွင်းရေးမှူးများတွင် အချက်အလက်စနစ်ထူထောင်ထားသော အင်တာနက်တပ်ဆင်ထားမှုမရှိပေ။ ကန်ပက်လက်တွင်လျှပ်စစ်ဓါတ်အားပံ့ပိုးပေးမှုအဆင်မပြေမှုသည် မြို့နယ်မှ အချက်အလက် ပေးပို့ခြင်းစသည့် အရေးကြီးကိစ္စများဆောင်ရွက်ရာတွင် အခက်အခဲဆုံးအခြေအနေဖြစ်သည်။ ကျွန်းစုတွင် မြို့နယ်အလိုက်နည်းပညာအကူအညီတာဝန်ယူဆောင်ရွက်မှုတွင် လိုအပ်သည့် အင်တာနက်တပ်ဆင်မှု မရှိသေးပေ။၎င်းအခြေအနေများနှင့် အခက်အခဲများသည် MIS လုပ်ငန်းတာဝန်များကို ထိခိုက်စေသည်။

၅-ဒုတိယသုံးလပတ် လုပ်ငန်းစီမံချက် (ဇူလိုင်မှ စက်တင်ဘာ ၂၀၁၄)

- SPs အသစ်အတွက် စီမံကိန်းစတင်ရန်နှင့် စက်ဝန်း ၁ တွင် အကူအညီပံ့ပိုးပေးခြင်းနှင့် ထောက်ပံ့သည့် မြို့နယ်ဝန်ထမ်းများ လုပ်ငန်းစီမံကိန်းခွဲများ ပြီးပြည့်စုံရန်အတွက်
- လုပ်ငန်းအသစ်ဆောင်ရွက်ခြင်း၊ အခြေအနေမှန်ကိုသိအောင်လုပ်ခြင်း၊ သင်တန်းပေးခြင်း၊မြို့နယ်သစ် ၆ ခုအတွက် သင်တန်းများလွယ်ကူအောင်ဆောင်ရွက်ခြင်း
- MIS အပြည့်အဝဆောင်ရွက်နိုင်ရန် DRD အဖွဲ့အစည်းနှင့် မြို့နယ် ၃ ခုစလုံးတို့တွင် ဝန်ထမ်းမလုံလောက်မှု၊ လျှပ်စစ်ဓါတ်အားပံ့ပိုးပေးမှု မမှန်ခြင်း၊ သက်ဆိုင်ရာ ကိရိယာပစ္စည်းများ တပ်ဆင်မှုလိုအပ်ခြင်း
- MIS အကောင်အထည်ဖော်ခြင်း၏ မြို့နယ်အလိုက် နည်းပညာအကူအညီပေးရေးအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြို့နယ်ဝန်ထမ်းများသို့ လမ်းညွှန်မှုများ လက်ဆင့်ကမ်းပေးမှုကို ဆက်လက်ထောက်ပံ့ပေးရန်
- မြို့နယ်အသစ်များနှင့် စက်ဝန်း ၂ အတွက် အစီအစဉ်နှင့် ခေတ်နှင့်အညီအသစ်ပြင်ဆင်ထားသည့် သင်တန်း၊ နည်းဗျူဟာနှင့် လုပ်ဆောင်မှုများကို ပြန်လည်ဆန်းစစ်ရန်နှင့် အတည်ပြုရန်
- စက်ဝန်း ၂ တွင် အသုံးပြုမည့် သင်တန်းနှင့်ပတ်သက်သည့် ပစ္စည်းပစ္စယများ၏ နောက်ဆုံးအခြေအနေကို ရှင်းလင်းရန်နှင့် မြို့နယ်အသစ်များတွင် အသုံးပြုရန်
- ကော်မတီခွဲများနှင့် အဓိကဆောင်ရွက်သူများ၏ နစ်နာမှုဖော်ပြချက်များနှင့် ကျေးရွာသတင်းအချက်အလက်မှတ်တမ်းမှတ်ရာများ၊ ရိုက်ကူးဖမ်းယူထားသောရုပ်သံများနှင့် အခြားအခြေအနေများစသည့်စီမံကိန်းအကောင်အထည်ဖော်ခြင်း၏ အသွင်အပြင်အမျိုးမျိုးကိုအကဲဖြတ်ခြင်းဆောင်ရွက်ရန်ဖြစ်သည်။
- အစီရင်ခံစာနှင့် မှတ်တမ်းမှတ်ရာတင်ပြခြင်းများအားလုံးအပြီးသတ်ဆောင်ရွက်ရန်ဖြစ်သည်။ ၄င်းတွင် အချက်အလက်များကို သေချာအောင်ပြုလုပ်ခြင်းနှင့် ကွန်ပြူတာတွင် ထည့်သွင်းခြင်းများပါဝင်သည်။